# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၃၂) ၊ ၁၃၈၆ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၄ ရက် ၊ ၂၄-၇-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း

## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ(၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား

**နေပြည်တော် ဇူလိုင် ၂၃**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ (၁/၂၀၂၄)အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ(၁/ ၂၀၂၄)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**တက်ရောက်**

အစည်းအဝေးသို့ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ညောင်ဦးခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၄ ခုနှစ် မေ ၂၅ ရက် နှင့် ၂၆ ရက်အထိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ရေလှောင်တမံများအား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ တမံများ၏ ခံနိုင်ရည်စံနှုန်းအရည်အသွေး စစ်ဆေးခြင်းများကို အဆင့်အလိုက် စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေလှောင်တမံများ၊ ရေလှောင်ကန်များအားလုံး၏ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက် ဧရိယာတစ်လျှောက် လမ်းကြောင်းများအတွင်း ရေကြောင်းပိတ်ဆို့မှုမရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး အသေးစိတ်လေ့လာဆောင်ရွက် သွားရန် လိုအပ်ကြောင်း၊ ရေသည် အထက်မှ အောက်သို့သာ စီးဆင်းတတ်သည့် သဘောသဘာဝဖြစ်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး အတွက် ရေဝင်ရောက်သည့် အနိမ့်ပိုင်းများ၌ ရေဝင်ထွက်မှုကောင်းစေရန် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး အဓိကထားဆောင်ရွက်ရန် လိုအပ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ပါကြောင်း။

စာမျက်နှာ ၃ သို့ ❑

## ယနေ့ ဖတ်စရာအညွှန်း


မည်သည့်တုပ်ကွေးရောဂါကိုမဆို ထိန်းချုပ်နိုင်မည့် ကာကွယ်ဆေးဖော်စပ်ထုတ်လုပ်ရန် လမ်းစမြင်ရပြီ

စာမျက်နှာ ၇

ဇာဗီဆိုင်မွန်အား ယူရို သန်း ၁၀၀ ဖြင့် မန်ချက်စတာယူနိုက်တက်အသင်း ကမ်းလှမ်းသွားဖွယ်ရှိ

စာမျက်နှာ ၁၁


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ဒေသဆိုင်ရာအစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ယူ တာဝန်ခံခြင်းဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်ရှာဖွေသူနှင့် အလုပ်ရှင်များကို ချိတ်ဆက်ပေး၍ အလုပ်ခန့်ထားပေးခြင်း၊ လုပ်သားများအတွင်း အခကြေးငွေနှင့် အချိန်ပိုအခကြေးငွေများ သတ်မှတ်ရက်အတွင်း ခံစားစေခြင်း၊ လုပ်သက်ခွင့်၊ ရောဂါခွင့်၊ ဆေးလက်မှတ်ခွင့်နှင့် မီးဖွားခွင့်များ ဥပဒေနှင့်အညီ ခွင့်ပြုစေခြင်း၊ MSME လုပ်ငန်းတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA ထူထောင်၍ ဘာသာနှစ်အလိုက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်း၊ OSH ဆိုင်ရာတာဝန်ခံ ခန့်အပ်စေခြင်း၊ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းစေရန် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) များ ဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်ပေးနေသည့်အပြင် လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံအလုပ်သမားများကို သက်ဆိုင်ရာ အာမခံစနစ်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားစေခြင်းတို့ကို စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)စက်မှုဇုန် ကနောင်ခန်းမ၌ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လုပ်ငန်းရှင်များ၊ စက်ရုံ၊ အလုပ်ရုံများမှ HR မန်နေဂျာများနှင့် တာဝန်ခံကြီးကြပ်သူများကို တွေ့ဆုံ၍ အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပရာတွင် ပြောကြားခဲ့သည်။

CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ CMP လုပ်ငန်း စနစ်တကျရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးနေပြီး ဆပ်ကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျက်ရှိကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုလျော့နည်းပပျောက်စေရေးအတွက် စက်ရုံရှိ အလုပ်သမားများကို နေရာတကျအသုံးချ၍ လိုအပ်သည့် ထုတ်ကုန်များကို စံချိန်မီ သတ်မှတ်ရက်အတွင်း ထုတ်လုပ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



## အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၂၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ အသင်းနာယက မောင်လူလှ(ဧယျာဦး)က အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးမော်စန်း(မြောက်ပြင်တော်ကကိုရွှေမော်)က အသင်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များဖြစ်ကြသော ဦးလှဘော်(မောင်လှဘော်-မအူပင်)၊ ဦးဆန်းဦး(မင်းလပြည့်-ဟားခါး)၊ မင်းမြတ်မိုး(မန်းမြေ)တို့က အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးမောင်မောင်(မောင်မောင်-မန်းတက္ကသိုလ်)က မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ပေးပို့လာသည့် တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေး တက်ရောက်ရန်ဖိတ်ကြားစာ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သား၊ သမီးများ၊ ပညာရည်ချွန်ဆုချီးမြှင့်ရေး အကြောင်းကြားစာ၊ မြို့နယ်စာရေးဆရာအသင်း၏ သက်တမ်းသည် ညီလာခံသက်တမ်းနှင့် အညီဖြစ်ကြောင်း အကြောင်းကြားစာတို့ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းက ထောက်ပံ့ပေးအပ်ခဲ့သည့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထွဏ်းလှအောင်(မိုးဇော်အောင်-မန္တလေး)ကွယ်လွန်ခြင်းအတွက် ထောက်ပံ့ငွေကျပ် ၁၂၀၀၀၀ ကို ဦးထွဏ်းလှအောင် မိသားစုထံသို့ အသင်းနာယကနှင့် အသင်းဝင်များက သွားရောက်ပေးအပ်သည်။ တတိယအကြိမ် ညီလာခံတက်ရောက်မည့် ဘဏ္ဍာရေးမှူးအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီး အသင်းအလုပ်အမှုဆောင်အဖွဲ့(အသစ်) ရွေးချယ်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၂၃**

မန္တလေး အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျောင်းရပ်ရှိ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း အလုပ်အမှုဆောင်(အသစ်)ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကော်မရှင်အဖွဲ့ (၈)ဦးက ဦးဆောင်၍ ရွေးချယ်တင်မြှောက်ကြသည်။

အဆိုပါ အခမ်းအနားကို ကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း ဂုဏ်ထူးဆောင်ပါမောက္ခ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နှင့် ဦးအုန်းဆွေမြင့် မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူး(ငြိမ်း)တို့က ဦးဆောင်၍ ဆောင်ရွက်ကြသည်။

ရွေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၉ ခုနှစ် ပဉ္စမအကြိမ်က ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းကို ဖျက်သိမ်းကြောင်း ကြေညာပြီး ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် အသင်းအလုပ်အမှုဆောင်(အသစ်)များကို ရွေးချယ်ရန် ကော်မရှင်၏ လုပ်ထုံးလုပ်နည်းများ ချပြ၍ အဖွဲ့ဝင်(၉)ဦးကို ကိုယ်စားလှယ် ၉၇ ဦးတို့က လျှို့ဝှက်မဲပေးကာ ရွေးချယ်တင်မြှောက်ကြသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီးအသင်း(အသစ်)ဥက္ကဋ္ဌအဖြစ် ဦးတင်ဝင်းနိုင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဝင်းနိုင်၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးသိုက်ထွန်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးစန်းလွင်၊ တွဲဖက်ဘဏ္ဍာရေးမှူးအဖြစ် ဦးဇော်မင်းတို့ကို သတ်မှတ်ရွေးချယ်ပြီး အသင်းအလုပ်အမှုဆောင်များအဖြစ် ဦးသင်း၊ ဦးကျော်ကျော်ဦး၊ ဦးဝေယံဟိန်း၊ ဦးနိုင်မင်းထွန်းတို့ဖြင့် အသင်းကို ဖွဲ့စည်းကြသည်။

အတွင်းရေးမှူးကို တိုင်းဒေသကြီးဦးစီးဌာနမှူးက လည်းကောင်း၊ တိုင်းရင်းဆေးဝါးလုပ်ငန်း စက်ရုံမှူးနှင့် တိုင်းရင်းဆေးရုံမှ တစ်ဦး၊ တိုင်းရင်းဆေးတက္ကသိုလ်မှ လွှဲအပ်သောပါမောက္ခတစ်ဦးတို့က ပါဝင်ဆောင်ရွက်ကြရန် သတ်မှတ်သည်။

အဆိုပါ အသင်း(အသစ်)ဖွဲ့စည်းမှုကို သဘာပတိကော်မရှင်က အတည်ပြုသတ်မှတ်ပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း အသင်းအလုပ်အမှုဆောင်အဖွဲ့(အသစ်)ကို ဖွဲ့စည်းကြကြောင်း သိရသည်။ **(အောက်ပုံ)**

***(PNT)***



## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**သရက် ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့ နံနက် ၁၁ နာရီက ကျင်းပပြုလုပ်ရာ ပွဲတော်ကျင်းပရေးဆိုင်ရာလုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စာဖတ်ရှိန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာဗဟုသုတကြွယ်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်နေကြောင်း၊ ကျောင်းသားလူငယ်များသည် စာပေကို စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြရမှာဖြစ်ပါကြောင်း၊ နိုင်ငံနဲ့ပြည်သူကို အကျိုးပြုမည့် စာကောင်းပေမွန်တွေ ဖတ်ရှုပြီး စဉ်းစားတွေးခေါ်ဉာဏ်နဲ့ အသိပညာပြည့်ဝကာ ဗလငါးတန်ပြည့်ဝတဲ့ လူငယ်တွေပေါ်ထွက်လာစေဖို့ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွေကို ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအတွက် အဓိက ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများက ပူးပေါင်းဆောင်ရွက်နိုင်မှ အနာဂတ်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းလာမှာဖြစ်ပါကြောင်း၊ ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပြီး အတွင်းရေးမှူး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ဆွေက စာဖတ်ရှိန်ပွဲတော်ကျင်းပရေးလုပ်ငန်းစီမံချက်မှ ကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့် ကဏ္ဍများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ကော်မတီအသီးသီး၏ တင်ပြဆွေးနွေးမှုများအပေါ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ပိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)လေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေး အဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် နှစ်နှစ်သားအရွယ်တွင် အရပ်အမြင့် လေးပေ ခြောက်လက်မ၊ ကိုယ်လုံး လုံးပတ် ခုနစ်ပေ လေးလက်မ၊ ကိုယ်အလေးချိန် ၁၃၉၅ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



❑ ရှေ့ဖုံးမှ

### အလေးထားပြောကြား

ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ကြသည့်အခါ ယဉ်ကျေးမှုအမွေအနှစ်အပေါ် ထိခိုက်နိုင်မှု ဆန်းစစ်ချက်(Heritage Impact Assessment-HIA) ဆောင်ရွက်ပြီးမှသာ HIA အကြံပြုချက်နှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်သည်ကို အလေးထားပြောကြားလိုပါကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကန်များ ပြန်လည်တူးဖော်ရန်တို့ကိုလည်း ဆက်စပ်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့ ပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်စာမှတ်တမ်းအထောက်အထားများကို အခြေခံပြီး ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင်ရှိသည့် ရေကန်များကို ကွင်းဆင်းမှတ်တမ်းစာရင်းကောက်ယူခဲ့ရာ ရေကန် ၁၀၆ ကန်ကို စာရင်းပြုစုနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါရေကန်များအနက် ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော ၉၁ ကန်အား ရှေးဟောင်းရေစီးလမ်းကြောင်းများတွင် ပို့ကျနေသည့် သဲနုန်းအနည်အနှစ်များကို ပြန်လည်ဖယ်ရှားပြုပြင်ပေးမှသာ ရေစီးရေလာကောင်းမွန်ပြီး ရေထိန်းနိုင်မည်ဖြစ်သည့်အတွက် ကန်ဆယ်ခြင်း၊ ရေလမ်းကြောင်းများ ပြုပြင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ မထိခိုက်စေရန် ဌာနမှ ဝန်ထမ်းများကြီးကြပ်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက သဗ္ဗညုဘုရားကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသန ASI(Archaeological Survey of India) ကလည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ၁၀ နှစ် စီမံကိန်းဖြင့် ရှေးဟောင်းအဆောက်အအုံပေါင်း ၉၂ ဆူ ပြုပြင်ထိန်းသိမ်းရန် MoU ရေးထိုးပြီး ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

### CCTV **အစီအမံ**

မိမိတို့၏ ဦးစီးကော်မတီသည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသကြီး၏ ပြုပြင်ထိန်းသိမ်းမှုများကို ကြီးကြပ်တာဝန်ယူရသည့်အတွက် တန်ဖိုးရှိသည့် ရှေးဟောင်းအမွေအနှစ်များကို သဘာဝဘေးအန္တရာယ်သာမက မသမာသူများ၏ ခိုးယူဖျက်ဆီးမှုကပါ ကာကွယ်နိုင်စေရန် ပုဂံဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အချိန်ပြည့်လုံခြုံရေးစောင့်ကြည့်မှုစနစ်၊ CCTV အစီအမံများလည်း လာမည့်နှစ်များတွင် ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အတူ စေတီပုထိုးတစ်ဆူချင်း၏ မှတ်တမ်းမှတ်ရာများလည်း ပြုစုထိန်းသိမ်းထားမည်ဆိုပါက နောင်တစ်ချိန်ချိန်တွင် ထိခိုက်ပျက်စီးခဲ့မည်ဆိုပါက ပြန်လည်ပြုပြင်ရန် အထောက်အထားများ ရရှိမည်ဖြစ်သည့်အတွက် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသည် UNESCO ၏ ကမ္ဘာ့အမွေအနှစ်ဒေသ ဖြစ်သည်နှင့်အညီ ကမ္ဘာ့လှည့်ခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွား ဧည့်သည်များ ပုဂံဒေသအတွင်း သွားရောက်လည်ပတ်သည့်အခါတွင် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အသုံးပြုသည့်လမ်းများ ကောင်းမွန်စေရန် လိုအပ်သည်ဟု နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် ပုဂံမြို့အဝင်နှင့် ဆက်စပ်ကျေးရွာများ၏ လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ရေကန်ချင်းဆက်လမ်းများ တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် သက်ဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများ အနေဖြင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဆောင်ရွက်ရန်လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း၊ ပုဂံကမ္ဘာ့ အမွေအနှစ်ဒေသတွင် ရှိသည့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၏ စီမံခန့်ခွဲမှုကိစ္စအဝဝနှင့် လိုအပ်သည့်အကူအညီများကို ဆက်လက် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်ပြုပြင် တူးဖော်မှုအခြေအနေများ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ရန်ပုံငွေများ စနစ်တကျ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက ပုဂံကမ္ဘာ့ အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတို/ရေရှည် စီမံချက်များချမှတ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|
| | ရာထူး၊ ဌာန |
| (၁) ဦးမျိုးဆွေ | ညွှန်ကြားရေးမှူးချုပ် |
| | အကျဉ်းဦးစီးဌာန |
| | ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) ဦးခင်ဇော်(၂) | ညွှန်ကြားရေးမှူးချုပ် |
| | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန |
| | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

# ဥတ္တရသီရိမြို့နယ်၌ စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာ ကျောင်းများမှ စာကြည့်တိုက်မှူး များအား စာကြည့်တိုက်ပညာ သင်တန်း ဖွင့်လှစ်သင်ကြားခြင်းကို ယနေ့ နံနက်ပိုင်းက ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။



ဦးစွာ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဦးစီးအရာရှိ ဒေါ်မြစန်းရီတို့က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာစောင်ပါ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အမျိုးအစားများ၊ ထူးခြားသည့်ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူအခြေခံကတ်ပြားပုံစံ(နမူနာ)၊ စာရေးသူကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မျိုးတူစုပညာရပ်များ စသည်တို့ကို ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

➤ စာမျက်နှာ ၂၄ မှ

မိုးတွင်းကာလမှာ ဓာတ်မလိုက်အောင် မိုးလုံနေရာမှာ အားသွင်းဖို့နဲ့ ရေကြီးရေလျှံဖြစ်တဲ့ နေရာတွေမှာ သတိပြုရပါမယ်။ ဈေးကွက်မှာ အချို့ Brand တွေက ၂၀ ရာခိုင်နှုန်းဝန်းကျင် ဈေးမြင့်တက်ပြီး တိုယိုတာနှင့် ဖောကုမွေဇီထုတ် အမျိုးအစားတွေက ဈေးအပြောင်းအလဲ နည်းပါတယ်။ အခြားစက်သုံးဆီ ယာဉ်ဈေးကွက်မှာ ဒီရက်ပိုင်း အရောင်းအဝယ်အေးတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

EV ကားအသုံးပြုပါက လျှပ်စစ်အားသွင်းခြင်းနှင့် ကားတစ်စီးလုံး ရေမြုပ်သွားခြင်းများတွင် သတိပြုရန်လိုအပ်ပြီး သာမန်မိုးရွာသွန်းမှုများတွင် စက်သုံးဆီသုံးယာဉ်များကဲ့သို့ ပုံမှန်အတိုင်း အသုံးပြုနိုင်ကြောင်း၊ အားသွင်းရာတွင် မိုးမလုံသောနေရာများ၌ အားသွင်းခြင်း၊ အားသွင်းခေါင်းတွင် မိုးရေစိုခြင်းများ မဖြစ်စေရန်လိုကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဇ)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲ တက်ရောက်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ညစာစားပွဲအခမ်းအနားတက်ရောက်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ယူနန်နန်ခမ်းကော်ဖီကုမ္ပဏီတွင် ကြည့်ရှုလေ့လာစဉ်။

ကူမင်း ဇူလိုင် ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Intercontinental Hotel ၌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွိပေါ် က တည်ခင်းဧည့်ခံသည့် (၈)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ ညစာစားပွဲသို့ တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များလည်း တက်ရောက်ကြသည်။

## လက်ခံတွေ့ဆုံ

ညစာစားပွဲအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး မစ္စစ်စွန်းဟိုင်ယန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေးအပါအဝင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေး၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုနှင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုကိစ္စရပ်များ တိုက်ဖျက်ရေးတို့တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်ပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Agricultural Reclamation Group ၏ ယူနန်နန်ခမ်းကော်ဖီကုမ္ပဏီသို့သွားရောက်ပြီး ယူနန်ပြည်နယ်၏ ပြည်တွင်းကော်ဖီထုတ်လုပ်မှုကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ကော်ဖီအမျိုးအစားများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဘင်းမ်စတက်လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် အောင်မြင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်


နေပြည်တော် ဇူလိုင် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့အစည်း (BIMSTEC) အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေး (Ambassador Indra Mani Pandey) ကို ယနေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက် လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် (Action Plan)တွင် ပါဝင်သည့် ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ တိုးမြှင့်ရေး၊ လယ်ယာကဏ္ဍဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေး၊ လယ်ယာကဏ္ဍဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေး အားကောင်းလာစေရေး၊ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေး စသည့် လုပ်ငန်းအစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးအား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅)၌ လက်ခံတွေ့ဆုံသည်။

## ဆွေးနွေး

တွေ့ဆုံစဉ် ဘင်းမ်စတက်ဒေသတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု (Connectivity) ကောင်းမွန်လာခြင်းဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ကုန်းလမ်း၊ ရေကြောင်း၊ လေကြောင်း ပို့ဆောင်ရေးကဏ္ဍများ၊ ဆက်သွယ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးကဏ္ဍများအနေဖြင့် အနာဂတ်ဘင်းမ်စတက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကအရေးပါမှုရှိသည့် အခြေအနေများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဝွေ့အိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပခဲ့သည်။



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းက သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့် နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများစသည့် အကြောင်းအရာများကို အသိပညာပေးရှင်းလင်းခဲ့ရာ တက်ရောက်လာသူများမှ သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလာမှုများအား ပြန်လည်ဖြေကြားခဲ့ပါသည်။ ၄င်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့် ကော်မတီဝင်များ၊ ဝွေ့အိုင်ကျေးရွာအုပ်စု သန်းခေါင် စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၄၆၉)**

ဝ-ဝ-ဝ-ဝ-ဝ



# ဆေးတက္ကသိုလ်-မန္တလေး၊ ဝါဆိုသင်္ကန်းကပ်လှူ

**မန္တလေး ဇူလိုင် ၂၃**

ဆေးတက္ကသိုလ်-မန္တလေး မိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြားရှိ ဒဟတ္တောကျောင်းတိုက်၊ အကနိဋ္ဌဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို ဒဟတ္တောပရိယတ္တိစာသင်တိုက် နာယကဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဓိက အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာမျိုးသက်တင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြားစီမံဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆရာတော်ထံမှ တရားတော်များ နာယူကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၉၃)**

ဝ-ဝ-ဝ-ဝ-ဝ

# ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၂၃**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်ရှိ ဒေါဖီဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂)ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ အကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ က တက်ရောက်လာသူများအား "ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၂၄" လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားသို့ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂)ဦးတင်မောင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ အမရဌာနီအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း(၁၈၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၀၃၇)**



# (၁၂၆)ကြိမ်မြောက် သွေးလှူဒါန်း

ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနေ လူမှုထူးချွန် (ပထမ) အဆင့်ရ ဦးမြင့်လွင်သည် ယနေ့ နံနက်ပိုင်းက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် ဇီဝိတဒါနအဖြစ်(၁၂၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ အဆိုပါ သွေးလှူရှင်သည် ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာကိုလည်း လှူဒါန်းထားကြောင်း သိရသည်။ **(PNT)**

# MFF "D" Certificate Coaching Course သင်တန်း ဖွင့်လှစ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် MFF "D" Certificate Coaching Course နည်းပြသင်တန်းကို ဇူလိုင် ၂၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။



ယင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သတင်းစာရှင်းလင်းပွဲ ခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ MFF နည်းစနစ် ကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ MFF တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ နည်းစနစ်ဒါရိုက်တာမစ္စတာမီတ၊ သင်တန်းနည်းပြဆရာ ဦးဇေရာမောင်၊ MFF မှ တာဝန်ရှိသူများ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် MFF နည်းစနစ် ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ နည်းစနစ်ဒါရိုက်တာမစ္စတာမီတ၊ သင်တန်းနည်းပြဆရာ ဦးဇေရာမောင်တို့က အမှာစကား အသီးသီးပြောကြားခဲ့ပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

MFF "D" Certificate Coaching Course နည်းပြသင်တန်းကို ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၇ဦးနှင့် သင်တန်းသူ ၃ ဦး တက်ရောက်လျက်ရှိသည်။ **(NGB)**

# တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး မိုးရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးပေး



**ကျောက်ဆည် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီအထိ ငွေ ၄၄၀၉ ဒသမ ၀၀ ကျပ်သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ကျေးရွာအုပ်စု(၂၃)အုပ်စု စိုက်ပျိုးရေးတောင်သူ(၆၃၄)ဦးအား စပါး (၁)ဧကအတွက် ငွေ(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် (၂၃၄၈)ဧက၊ ယာသီးနှံများအတွက်(၁)ဧကအတွက် ငွေ(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် နှမ်းသီးနှံ(၁၂၁)ဧက၊ ပဲတီစိမ်းသီးနှံ (၃၇၇)ဧက၊ ချည်မျှင်ရှည်ဝါ (၃၈၉)ဧကအတွက် စိုက်ပျိုးစရိတ်အဖြစ် ငွေ(၄၄၀၉ ဒသမ ၀၀)ကျပ်သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ သိရသည်။ **(၄၈၅)**

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မီဒီယာများမေးမြန်းနေတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်ပြီး အခြေခံဥပဒေဆိုင်ရာကိစ္စများကို အသိပေးပြောကြားပါမယ်။ ယာယီသမ္မတဦးမြင့်ဆွေရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဇူလိုင်လ ၁၈ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ယာယီသမ္မတဦးမြင့်ဆွေကို အထူးဆေးကုသမှုအဖွဲ့နဲ့ ဂရုတစိုက်ကုသပေးလျက်ရှိပါတယ်။ သို့သော် ယာယီသမ္မတတာဝန်များကိုပြန်လည်ထမ်းဆောင်နိုင်ရန် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်မှုမရှိသေးတဲ့အတွက် တာဝန်လွှဲအပ်ခြင်းကို မနေ့ကပြုလုပ်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဦးစွာ အသိပေးပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာမှု၊ ပုဒ်မ ၄၁၂ အရ အရေးပေါ်အခြေအနေ ကြေညာမှုနဲ့ ဒီနှစ်ခုကို ဆက်စပ်ပြီး ဆောင်ရွက်ကြည့်မယ်ဆိုရင် အရေးပေါ်ကာလမပြီးမြောက်သေးတဲ့ကာလအတွင်းမှာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှာ ပါဝင်တဲ့ ပုဂ္ဂိုလ်အချို့ လစ်လပ်သွားစေကာမူ ကျန်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့တာဝန်တွေကို မလွဲမသွေ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၄၁၂ (ခ) မှာဆိုရင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေး




နှင့် လုံခြုံရေးကောင်စီနဲ့ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နဲ့ ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာနိုင်သည်လို့ ပြဋ္ဌာန်းထားတာ ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ယာယီသမ္မတရဲ့ ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကို ယာယီသမ္မတ မတက်ရောက်နိုင်သည်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီသမ္မတ လစ်လပ်သွားရင် ပုဒ်မ ၄၁၂ (ခ)မှာပါတဲ့ အခြေခံဥပဒေရဲ့သဘောတရားများအရ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို အဓိကဆုံးဖြတ်ပေးရတဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီအစည်းအဝေးကို ဦးဆောင်ရန်အဖို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအာဏာကို သမ္မတကိုယ်စား လက်တွေ့ကျင့်သုံးဆောင်ရွက်နေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌကိုပဲ လွှဲပြောင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲမှာတစ်ခုရှိတာကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဘာကြောင့် ဦးဆောင်မှု မပြုရသလဲဆိုတာနဲ့ ပတ်သက်ပြီး ပုဒ်မ ၄၁၈ မှာတော့ ဒီလိုအခြေအနေမျိုးမှာ လွှတ်တော်ဥက္ကဋ္ဌပဲရှိပြီး လွှတ်တော်ကြီးမရှိတော့ဘူး။ လွှတ်တော်ဥက္ကဋ္ဌ ဆက်လက်တည်ရှိနေတာကလည်း ပုဒ်မ ၄၂၄ အရ လွှတ်တော်ဥက္ကဋ္ဌအသစ်များ ရွေးကောက်တင်မြှောက်ပြီးပါက တာဝန်လွှဲပြောင်းရေးအတွက်သာ ကျန်ရှိနေခြင်းဖြစ်လို့ဖြစ်ပါတယ်။ အခြားသော မေးခွန်းတွေဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ယာယီသမ္မတအဖြစ် ဆောင်ရွက်မှာလား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအဖြစ်ပဲ ဆောင်ရွက်မှာလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးပြောရရင် မနေ့က ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်ထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များအလို့ငှာ ယာယီသမ္မတ တာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းအပ်နှံ တာဝန်ထမ်းဆောင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေပုဒ်မ ၄၃၁ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာကိုကျင့်သုံးရာမှာ နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်မှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ အစိုးရအဖွဲ့တို့ကပဲ ပြုလုပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉) ရပ်တို့အတိုင်း မပြောင်းမလဲ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေရာမှာ အထူးအလေးထားပြောကြားလိုတာကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မလွဲမသွေကျင်းပသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်အစိုးရက အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဇူလိုင် ၂၃

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့်မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာနိုင်ငံမှ သံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

### ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအေးသီရိမိုးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးအနေဖြင့် အီဂျစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဌာနတွင် မအေးသီရိမိုး တရားမဝင်နေထိုင်ခဲ့မှုအတွက် သတ်မှတ်ဒဏ်ကြေးများ ပေးဆောင်ခြင်းနှင့် valid visa လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မအေးသီရိမိုးသည် ဇူလိုင် ၂၂ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၅၀ ၌ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့၍ ရန်ကုန်မြို့သို့ ဇူလိုင် ၂၃ ရက် ယနေ့ ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။

### ဒူဘိုင်းမြို့သို့ရောက်ရှိ

မြန်မာနိုင်ငံသူ မအေးသီရိမိုးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဒူဘိုင်းမြို့၌ အလုပ်လုပ်ကိုင်ရန် အေးဂျင့်များ ချိတ်ဆက်ပေးမှုဖြင့် ရောက်ရှိခဲ့ပြီး ဒူဘိုင်းမြို့ အခန်းတစ်ခန်းတွင် အလုပ်အကိုင်မရှိဘဲ ရက် ၂၀ ခန့်နေထိုင်ခဲ့ကာ အေးဂျင့်ဖြစ်သူက ဒူဘိုင်းတွင် အလုပ်မရနိုင်ဘဲ အီဂျစ်နိုင်ငံသို့ သွားမှသာ အလုပ်အကိုင် ရရှိမည်ဖြစ်ပြီး လုပ်ခလစာအဖြစ် အမေရိကန်ဒေါ်လာ ၃၅၀ ရရှိမည်ဟု ပြောကြားခဲ့ကြောင်း၊ အကယ်၍ အီဂျစ်သို့ မသွားပါက ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်ခံရမည်ဖြစ်သောကြောင့် အီဂျစ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်အောက်တိုဘာလတွင် အီဂျစ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး နေအိမ်တစ်အိမ်၌ ခုနစ်လကြာလုပ်ကိုင်ခဲ့ရကာ လစာအပြည့်အဝမရခြင်း၊ အလုပ်ချိန်များပြားခြင်းတို့ကြောင့် ပင်ပန်းမှုဒဏ်မခံနိုင်တော့သဖြင့် ၂၀၂၄ ခုနှစ် မေလ တတိယပတ်တွင် ယင်းအလုပ်မှ ထွက်ပြေးခဲ့ကြောင်း၊ နိုင်ငံကူးလက်မှတ်ကို အိမ်ရှင်က သိမ်းဆည်းထားပြီး နေထိုင်လုပ်ကိုင်သည့် နေအိမ်လိပ်စာကိုမသိသည့်အပြင် ဒူဘိုင်းအေးဂျင့်ကလည်း အဆက်အသွယ် ဖြတ်တောက်ခဲ့သည့် အခက်အခဲများစွာကြောင့် အမိနိုင်ငံသို့ အမြန်ဆုံးပြန်လို၍ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မြန်မာသံရုံးက အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာရွက်စာတမ်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့် ရရှိခဲ့၍ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မအေးသီရိမိုးက"ကျွန်မက မိတ္ထီလာမြို့မှာ နေပါတယ်။ အသက်က ၂၄ နှစ်ပါ။ ကျွန်မ အီဂျစ်မှာ တော်တော်ဒုက္ခရောက်နေချိန် မြန်မာသံရုံးကို



သွားခဲ့တယ်။ အစစအရာရာ ကူညီပေးကြတဲ့သံရုံးက သံအမတ်ကြီးနဲ့ဆရာများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ ကန်တော့ပါတယ်။ နောက်ထပ်လည်း မသွားကြပါနဲ့လို့ ပြောချင်ပါတယ်။ နိုင်ငံတော်က ခွင့်ပြုထားတဲ့ အလုပ်အကိုင်တွေကိုပဲ လုပ်ဆောင်ကြပါလို့ ပြောချင်ပါတယ်။ နိုင်ငံတော်ကလူကြီးများနဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောသည်။

အရှေ့အလယ်ပိုင်း နိုင်ငံများတွင်အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့က ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင်အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ပြည်ပအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံး အဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိပြီး မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က အရှေ့အလယ်ပိုင်း နိုင်ငံများကို နှစ်နိုင်ငံ သဘောတူညီချက်အရ တရားဝင် အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများက လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြား မမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့်အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ကြောင်း အကြံပြုအသိပေး ထုတ်ပြန်ထားသည်။

### ပြန်လည်ခေါ်ဆောင်နိုင်ခဲ့

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးက ညှိနှိုင်းကူညီ ဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## V @ Kim Tae Yung က TYPE 1 Photobook ကို သစ်တောပြုန်းတီးမှု ကာကွယ်ရန် စီမံပြုလုပ်၍ ထုတ်ထား

ဘီတီအက်စ်အဖွဲ့ဝင် ဗွီသည် ကင်ထယ်ယောင်းမျိုးရိုးအမည်ကို အသုံးပြု၍ TYPE 1 Photobook ကို ထုတ်လုပ်ထားရာ သစ်တောပြုန်းတီးမှု ကာကွယ်ရန် စီမံပြုလုပ်၍ ကိုယ်တိုင်မှတ်တမ်းတင် ထုတ်လုပ်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ထယ်ယောင်းအဖြစ် သူ၏ စိတ်လွတ်လက်လွတ်အနားယူနေမှုကို သဘာဝဆန်သည့်ဘက်ခြမ်းမှ ချပြထားရာ ထုတ်လုပ်မှုနှင့် အစီအစဉ်ကို ရွေးချယ်၍ ပါဝင်ပစ္စည်းများကိုပါ အသေးစိတ်ကိုယ်တိုင်စီမံကာ သစ်တောပြုန်းတီးမှု ကာကွယ်ရန် ပြုလုပ်၍ ထုတ်လုပ်ထားသည်။





အဆိုပါ ဓာတ်ပုံစာအုပ် စာရွက်သားကို သစ်တောပြုန်းတီးမှုကာကွယ်ရန် The Forest Stewarship Concilက Certified ရထားသည့် အသားနှင့် အသုံးပြုထားပြီး မင်ရည်ကို ဘက်တီးရီးယားတိုက်ဖျက်သော မင်ရည် Biodegradable Soy Ink နှင့်ပရင့်ထုတ်၍ စာရွက်တစ်ရွက်ချင်းစီတိုင်း ကင်ထယ်ယောင်း၏အကြောင်း နက်နက်နဲနဲ လေ့လာနိုင်ကာ လွတ်လပ်သည့် အမျိုးသား၏ ကိုယ်ရည်ကိုယ်သွေး တစ်ခုချင်းစီကို ဖော်ပြထား၍ Masterpiece တစ်ခုထပ်ထွက်ရှိလာသည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။

(SKY)



## မည်သည့်တုပ်ကွေးရောဂါကိုမဆို ထိန်းချုပ်နိုင်မည့် ကာကွယ်ဆေးဖော်စပ်ထုတ်လုပ်ရန် လမ်းစမြင်ရပြီ

၁၉၁၈ခုနှစ်က ကူးစက်ပျံ့နှံ့ခဲ့သော လူ့အသက်ပေါင်းများစွာ ဆုံးရှုံးစေခဲ့သည့် တုပ်ကွေးရောဂါနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု အော်ရီဂန်ကျန်းမာရေးနှင့် သိပ္ပံတက္ကသိုလ်မှ ပါမောက္ခဂျိုနာဆာခါ ဦးဆောင်သော သုတေသီများ မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ မည်သည့်တုပ်ကွေးရောဂါကိုမဆို ထိန်းချုပ်နိုင်မည့် ကာကွယ်ဆေးဖော်စပ်ထုတ်လုပ်ရန် လမ်းစမြင်ရပြီဖြစ်ကြောင်း နေးချားသိပ္ပံဂျာနယ်တွင် ရေးသားတင်ပြထားသည်။

အဆိုပါတုပ်ကွေးရောဂါဖြစ်ပွားစေသော ဗိုင်းရပ်စ်နှင့် အခြားသော တုပ်ကွေးဗိုင်းရပ်စ်များကို ထိန်းချုပ်နိုင်မည့် ကာကွယ်ဆေးတစ်မျိုးကို ဖော်စပ်ပြီး မျောက်များကို လက်တွေ့စမ်းသပ်ခဲ့သည်ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

အကယ်၍ ယင်းသုတေသီများ၏ ကာကွယ်ဆေး ဖော်စပ်မှုအောင်မြင်သွားလျှင် တုပ်ကွေးရောဂါအားလုံးအတွက် ထိုကာကွယ်ဆေးတစ်မျိုးတည်းသာထိုးရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

SCI

## Taylor Swifties က UK Tour တွင် Food Bank 11 အတွက် ငွေထောက်ပံ့လှူဒါန်းသွား

ကမ္ဘာကျော် အဆိုတော်တေလာဆွတ်စ်က UK Tour တွင် ဂီတဖျော်ဖြေပွဲကျင်းပနေစဉ်အတွင်း Food Bank 11 ကို ထောက်ပံ့လှူဒါန်းနေသည့် စိန့်အင်ဒရူးအဖွဲ့အစည်းသို့ ငွေများမြောက်မြားစွာ လှူဒါန်းသွားသည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

အဆိုပါ အဖွဲ့အစည်း St. Andrew's Community network မှာ ဈေးနှုန်းများ မြင့်မားလာမှုကြောင့် လိုအပ်ချက်များလာပြီး အလှူငွေနည်းပါးနေ၍ အကြပ်အတည်းဖြစ်နေချိန်တွင် တေလာဆွတ်စ်၏ လှူဒါန်းမှုမှာ မယုံနိုင်စရာကောင်းလောက်သည့် လက်ဆောင်ဖြစ်ခဲ့သည်ဟု အဖွဲ့၏ အမှုဆောင်အရာရှိချုပ် ရစ်ဂျီးစ်က ပြောကြားခဲ့သည်။

တေလာဆွတ်စ်၏ လှူဒါန်းငွေပမာဏကို တောင်းဆိုထား၍ ဖော်ပြမထားသော်လည်း တစ်နှစ်စာထောက်ပံ့မှု လုံလောက်ခဲ့သည်ဟု ဆိုကာ Eras Tour စတင်ကျင်းပချိန်မှစ၍ ရောက်ရှိရာမြို့တိုင်းတွင် လှူဒါန်းမှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ (SKY)





## Genre အမေ့လျော့ခံအာယာတ ရုပ်ရှင်ဇာတ်ကား Mahesh Manjrekar တစ်ဦးတည်းတာဝန်ယူထား

ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာနှင့် ဇာတ်ဆောင်နေရာအားလုံးကို မင်းသားကြီး မာဟတ်စ်မန်ဂျာကာ တစ်ဦးတည်းတာဝန်ယူထားသည့် ရုပ်ရှင်မှာ Genre ဖြစ်ပြီး အသစ်ထွက်ရှိလာသည့် အိန္ဒိယဒရမ်မာဇာတ်ကားကောင်းဖြစ်ကာ IMDB 7.8 ရရှိထားသည်ဟု ဘောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။



အဆိုပါ ဇာတ်ကားတွင် သက်ကြီးရွယ်အိုဖခင်မောင်နှံ နှစ်ဦးဘဝကို အေးဆေးဖြတ်သန်းရင်း မဟုတ်မခံစိတ်နှင့်ဝင်ပါရာမှ ရပ်ကွက်လူငယ်များနှင့် ပြဿနာဖြစ်ခဲ့ရသည်။

သားဖြစ်သူမှာ အစိုးရအရာရှိဖြစ်ပြီး လူချမ်းသာသမီးနှင့် လက်ထပ်ပြီး မိဘကို ငွေကြေးထောက်ပံ့ပေးရာမှ အန္တရာယ်တစ်ခုနှင့် ကြုံခဲ့ပြီး သားအဖနှစ်ဦးကြား အာဃာတမီးတောက်တစ်ခု ပေါ်ထွက်လာခဲ့သည်။

ရုပ်ဝါဒီများ ကြီးစိုးနေသည့် လူ့အသိုက်အဝန်းတွင် သား၊ သမီးများလျစ်လျူရှုခံရသည့် သက်ကြီးရွယ်အိုမိဘများတွင် ဖြစ်ပေါ်သည့် ပြဿနာကိုတင်ပြထားခြင်းဖြစ်သည်။ (SKY)





## Jung Kook နှင့် Jimin တို့၏ Travel Show Vlog ဩဂုတ်လတွင် ထွက်ရှိမည်

ဩဂုတ်လတွင် ထွက်ရှိလာမည့် ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ဂုနှင့် ဂျီမင်တို့၏ Tarvel Show Vlog ကို မတူညီသော ရှုခင်းအလှအပ၊ နေရာဒေသအစုံတွင် ပေ့ါပါးစွာ ဖြတ်သန်းနေသည့် ပုံရိပ်များနှင့် မြင်တွေ့ရမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ခရီးသွားရှိုးကို သူတို့နှစ်ဦး ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ရိုက်ကူးထားကြရာမှ Biker ဂျောင်ဂုမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ယာဉ်မောင်းလိုင်စင်သင်တန်းဖြေဆို၍ ဆိုင်ကယ်လိုင်စင်တရားဝင်ရရှိထားပြီး သင်တန်းစမ်းသပ်မှု ပထမအကြိမ်တွင် ရမှတ်တစ်ရာရ၍ စမ်းသပ်မှု စာမေးပွဲ အောင်မြင်ခဲ့သည်။

ယင်းခရီးသွားရှိုးတွင် ကမ္ဘာ့ဈေးအကြီးဆုံး မော်တော်ဆိုင်ကယ်အမျိုးအစား Harley Davidson ၏ Fat Bob 114 Motorbike အနီရောင်အမျိုးအစားကို စီး၍ ခရီးနှင်ခဲ့ကြခြင်းဖြစ်သည့်အတွက် ပရိသတ်အလွမ်းပြေ ဂျောင်ဂုကို မျှော်နေကြသည်။

(SKY)

## Rani Mukerji ၏ Aiyyaa တွင် ဂန္ထဝင်ဆန်သော အမှုအရာများ ပြသသွား

ဘောလီဝုဒ်အနုပညာလောကမှ Hindi, Marathiနှင့် Tamil သုံးခုပေါင်း တင်ဆက်ထားသည့် Aiyyaa ရုပ်ရှင်မှာ ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိထားပြီး ရာနီးမူကာဂျီး၏ ဂန္ထဝင်ဆန်သော အမူအရာများ ပြသသွားသည်ကို တွေ့ရသည်ဟု ဘောလီဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ကို ဟင်ဒီ၊ မာရသီနှင့်တမီးလ်သုံးခု ပေါင်းစပ်ထား၍ သရုပ်ဆောင်များစွာ ပါဝင်ထားပြီး ရာနီးမူကာဂျီးက အဓိကနေရာမှ ပါဝင်ထားပြီး ဇာတ်ကားတစ်ကားလုံးဆွဲခေါ်သွားကာ အမူအရာများက ဂန္ထဝင်ဆန်သည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။

ကောလိပ်ကျောင်းမှ စာကြည့်တိုက်မှူး မိန်းကလေးမှာ အပြင်တွင် ရှက်တတ်ပြီး အိပ်မက်ထဲတွင် ကဲတတ်သူဖြစ်ကာ ကောလိပ်ကျောင်းသားတစ်ဦးကို ကြိတ်ကြိုက်နေပြီး မပြောရဲဘဲ စိတ်ထဲမှ စွဲလမ်းချစ်နေခဲ့သည်။

မိန်းကလေးစေ့စပ်မည့် ညအထိ ဖွင့်မပြောခဲ့ဘဲ အတွေးလောကကို Parodyပုံစံနှင့်ပြသ၍ တင်ဆက်ပုံဆန်းသစ်စွာ ရိုက်ကူးထားသည်။

(SKY)





## တရုတ်အနုပညာရှင် Zine Tseng က Young Sherlock Series တွင် ပါဝင်ထား

လူငယ်ရှားလော့ခ်ဟုမ်း Young Sherlock Series ဇာတ်လမ်းတွဲတွင် တရုတ်အနုပညာရှင် ကျင်တန့်ပါဝင်ထားသည်ဟု ဟောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြထားသည်။

ဝါရင့်ဒါရိုက်တာ Sherlock Homes ရုပ်ရှင်နှစ်ကားကို ရိုက်ကူးခဲ့သူ ဂေးရစ်ချက်က ရိုက်ကူးထားပြီး လူငယ်သရုပ်ဆောင်ဟီရိုဖိန်နစ်တစ်ဖင်နှင့်တရုတ်အမျိုးသမီးသရုပ်ဆောင်ကျင့်တန်ကို ထည့်သွင်းရိုက်ကူးထားပြီး ဇာတ်ပို့ဇာတ်ရံများစွာနှင့်တင်ဆက်ထားသည်။

စာရေးဆရာ အန်ဒရူလိန်း၏ Young Sherlock Homes စာအုပ်ကို အခြေခံရိုက်ကူးထား



သော်လည်း တရုတ်မင်းမျိုးမင်းနွယ် မင်းသမီးနေရာကို အသစ်ထပ်မံထည့်သွင်းထားခြင်းဖြစ်သည်။

လူငယ်ရှားလော့ခ်ဟုမ်းဇာတ်လမ်းတွဲတွင် ထောင့်မကျိုးသော အတန်းဖော်များက မေတ္တာပို့မှုခံရသော ၁၉နှစ်အရွယ် လူငယ်တစ်ဦးနှင့် အောက်စဖို့ဒ်တက္ကသိုလ်ကျောင်းသူကိုယ်ခံပညာကျွမ်းကျင်သည့်တရုတ်မင်းမျိုးမင်းနွယ်မင်းသမီးလေးတို့အကြောင်း ဖြစ်သည်။ (SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နော်ဒက်စ်ကုမ္ပဏီထုတ် လေရဟတ်ဒလက်များ အမေရိကန်ဈေးကွက်ထဲသို့ ထိုးဖောက်ဝင်ရောက်လာ



**ဝါရှင်တန် ဇူလိုင် ၂၃**

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့အခြေစိုက် နော်ဒက်စ်ကုမ္ပဏီက ထုတ်လုပ်သော လျှပ်စစ်ဓာတ်အား လေရဟတ်ဒလက်များ အမေရိကန်ဈေးကွက်ထဲသို့ ထိုးဖောက်ဝင်ရောက်လာလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လေတိုက်နှုန်းမြင့်သော ပင်လယ်သမုဒ္ဒရာကမ်းရိုးတန်းများ တစ်ဝိုက်တွင် လေရဟတ်အများ စုရှိနေကြသည်ကို တွေ့ရတတ်ပြီး လေတိုက်နှုန်းနိမ့်သောဒေသများတွင် လေစွမ်းအင်ကို ထုတ်ယူသုံးစွဲခြင်းမရှိဘဲ နေစွမ်းအင်ကို အားကိုးအားထားပြုကြသည်။

လေတိုက်နှုန်းနိမ့်သော ဒေသများတွင် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရန် နော်ဒက်စ်ကုမ္ပဏီက ဆန်းသစ်သောနည်းပညာဖြင့် လေရဟတ်ဒလက်မျိုးဆက်သစ်များ တီထွင်ထုတ်လုပ်ပြီးနောက် အမေရိကန်ဈေးကွက်အတွင်းသို့ ထိုးဖောက်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း နော်ဒက်စ်ကုမ္ပဏီအုပ်စု အမှုဆောင်အရာရှိချုပ် ဟိုဆေးလွစ်ဖ်ဘလန်ကိုက ရှင်းပြသည်။

အမေရိကန်ပြည်ထောင်စု တစ်ဝန်းရှိ လေတိုက်နှုန်း အလယ်အလတ်နှင့် အနိမ့်ပိုင်းဒေသများတွင် နော်ဒက်စ်ကုမ္ပဏီထုတ် လေရဟတ်များ တိုးမြှင့်တပ်ဆင်ရန် စီစဉ်ထားသည်။

ထိုအစီအစဉ်အတွက် အိုင်အိုဝါပြည်နယ်တွင် နော်ဒက်စ်ကုမ္ပဏီတည်ဆောက်ထားသော စက်ရုံမှ လာမည့် ၂၀၂၆ ခုနှစ်၌ လေရဟတ်ဒလက်သစ်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

**တောင်ကိုရီးယားနိုင်ငံ ဟန်ဂန်မြစ်ဘေးတစ်နေရာရှိ ဆေမီဝမ် ရက္ခဗေဒဥယျာဉ်အတွင်း စိုက်ပျိုးထားသည့် ကြာခင်းထဲမှ ကြာဖြူတစ်ပွင့်ကို တွေ့ရစဉ်။ Mon**



## အိန္ဒိယနိုင်ငံ ကေရာလပြည်နယ်၌ နီပါဗိုင်းရပ်စ်ကူးစက် အသက် ၁၄ နှစ်အရွယ် ယောက်ျားလေးတစ်ဦး သေဆုံး

**ဒေလီ ဇူလိုင် ၂၃**

အိန္ဒိယနိုင်ငံ ကေရာလပြည်နယ်၌ နီပါဗိုင်းရပ်စ်ကူးစက်ခဲ့ရာ အသက် ၁၄ နှစ်အရွယ် ယောက်ျားလေးတစ်ဦးသေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သစ်သီးစားသော လင်းနို့များသည် နီပါဗိုင်းရပ်စ်ကို အဓိကလက်ခံထားသည့် တောရိုင်းတိရစ္ဆာန်အမျိုးအစားဖြစ်ပြီး လူတို့ထံသို့ ရောဂါပိုးမည်သို့ ကူးစက်လာသည်ကို မသိရသေးသဖြင့် သုတေသနပြုနေရဆဲဟု ဆိုသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၀၁၊ ၂၀၀၇၊ ၂၀၁၈ ခုနှစ်တို့တွင် နီပါရောဂါ ကူးစက်ပြန့်ပွားကာ လူအသေအပျောက် ရှိခဲ့ဖူးသည်။

ထိုရောဂါပိုးကို နှိမ်နင်းနိုင်စွမ်းရှိသည့် ဆောက်ဆေး၊ ထိုးဆေးမရှိသေးသဖြင့် နှာခေါင်းစည်းတပ်ပြီးသွားလာနေထိုင်ကြရန် ကေရာလပြည်နယ်အတွင်း နှိုးဆော်ထားကြောင်း သိရသည်။ **Mon**

0-0-0-0-0

## အွန်လိုင်းကာစီနိုလောင်းကစားဂိမ်းများကို ပိတ်ချပစ်ရန် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ အမိန့်ထုတ်

**မနီလာ ဇူလိုင် ၂၃**

အွန်လိုင်းကာစီနိုလောင်းကစားဂိမ်းများကို ပိတ်ချပစ်ရန် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၂၂ ရက်က တစ်နိုင်ငံလုံးသို့ ပြောကြားသည့် မိန့်ခွန်းတွင် ထိုအွန်လိုင်းလောင်းကစားဂိမ်းများက သက်ရောက်သော ဆိုးကျိုးများကို ၄င်းထောက်ပြခဲ့သည်။

ထိုဆိုးကျိုးများမှာ ငွေကြေးလိမ်လည်မှု၊ ငွေကြေးခဝါချမှု၊ ပြည့်တန်ဆာမှု၊ လူကုန်ကူးမှု၊ ပြန်ပေးဆွဲမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ လူသတ်မှုများ ဖြစ်ကြောင်း သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ ထောက်ပြခဲ့ခြင်းဖြစ်သည်။



ဖိလစ်ပိုင်အစိုးရက လိုင်စင်ချပေးထားသည့် ပိုဂေါ့စ်ဟုအမည်ရသော အွန်လိုင်းကာစီနိုလောင်းကစားလုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင် လုပ်ပိုင်ခွင့်ရုပ်သိမ်းတော့မည်ဟု ဇူလိုင် ၂၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထိုလုပ်ငန်းအနေဖြင့် ဖိလစ်ပိုင်တစ်နိုင်ငံလုံး၌ လိုင်စင်ရလုပ်ငန်းခွဲပေါင်း ရာနှင့်ချီ၍ ရှိနေကြောင်း သိရသည်။ **Mon**

## ဒေါ်နယ်ထရမ့်ကို လုပ်ကြံရန် ကြိုးပမ်းမှုနှင့်ပတ်သက်၍ လျှို့ဝှက်တပ်ဖွဲ့ ညွှန်မှူးကင်ဘာလေချီတဲလ် နုတ်ထွက်

**ဝါရှင်တန် ဇူလိုင် ၂၃**

မကြာသေးမီကဖြစ်ပွားခဲ့သည့် ဒေါ်နယ်ထရမ့်ကို လုပ်ကြံရန်ကြိုးပမ်းမှုနှင့် ပတ်သက်၍ အမေရိကန်လျှို့ဝှက်တပ်ဖွဲ့ ညွှန်မှူးကင်ဘာလေချီတဲလ် ဇူလိုင် ၂၃ ရက်တွင် ရာထူးမှနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း စီအင်န်အန်သတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၂၂ ရက်က အမေရိကန်အောက်လွှတ်တော်အမတ်များက ၄င်းကို ခေါ်ယူစစ်မေးသောအခါ မေးခွန်းအများစုကို ဖြေဆိုရန် ငြင်းဆန်ခဲ့သည်။



သာမန်ပုဂ္ဂိုလ်ရေးကိစ္စတစ်ခုအတွက် လက်ရှိအာဏာရသမ္မတဂျိုးဘိုင်ဒင်၏ဇနီးဖြစ်သူ ဂျီလ်ဘိုင်ဒင် ကာစီနိုရုံတစ်ခုသို့သွားစဉ်က စီစဉ်ပေးခဲ့သော လုံခြုံရေးအင်အားကများနေပြီး တိုင်းပြည်အပြောင်းအလဲကိစ္စအတွက် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်မဲဆွယ်စည်းရုံးစဉ် စီစဉ်ပေးခဲ့သော လုံခြုံရေး အင်အားနည်းနေသည့် အကြောင်းရင်းကို သိလိုကြောင်း အမတ်တစ်ဦးက နှိုင်းယှဉ်ပြီးမေးသောအခါ မိမိတို့လျှို့ဝှက်တပ်ဖွဲ့အနေဖြင့် ရှိသောလူအင်အားကို သုံးပြီး စီစဉ်ပေးရခြင်းဖြစ်သည်ဟု ဖြေကြားခဲ့သည်။

လျှို့ဝှက်တပ်ဖွဲ့၏ ပေါ့လျော့မှုကြောင့်သာ ဒေါ်နယ်ထရမ့်ကို လုပ်ကြံရန် ကြိုးပမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အောက်လွှတ်တော်၌ စစ်ဆေးမှုခံယူပြီးနောက် ဇူလိုင် ၂၂ ရက်တွင် ၄င်းက ထုတ်ဖော်ဝန်ခံခဲ့သည်။

၄င်း၏နေရာတွင် သင့်တော်မည့်သူကို အနေးနှင့်အမြန် ခန့်အပ်ပေးမည်ဖြစ်သည်ဟု သမ္မတဂျိုးဘိုင်ဒင်က ထုတ်ဖော်ပြောကြားကြောင်းသိရသည်။ **Mon**



## တရုတ်နိုင်ငံ ချင်ကျိုင်းယွီဂေါ်ဒေသ ကူချာမြို့တွင် ရှေးဟောင်းဂူသင်္ချိုင်းထဲ၌ ပြတိုက်ဖွင့်လှစ်ပြသ

**ပေကျင်း ဇူလိုင် ၂၃**

တရုတ်နိုင်ငံ ချင်ကျိုင်းယွီဂေါ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကူချာမြို့တွင် မကြာသေးမီက ရှေးဟောင်းဂူသင်္ချိုင်းထဲ၌ ပြတိုက်ဖွင့်လှစ်ပြသထားကြောင်း တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

ခရစ်တော်မပေါ်မီက ထွန်းကားခဲ့သော အနောက်ဟန်မင်းဆက်၏ အာဏာသက်ရောက်သည့် တာ့ရင်မ်လွင်ပြင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ယင်းပြတိုက်တွင် ပြသထားသည်။

စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ရန် ဇူလိုင် ၁၅ ရက်ကတည်းက ထိုပြတိုက်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**





## ဆန္ဒပြဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၅၇ ဦးကို ယူအေအီးအစိုးရက ထောင်ဒဏ်ချမှတ်

**ဒူဘိုင်း ဇူလိုင် ၂၃**

ယူအေအီးဟု အတိုကောက်ခေါ်သော အာရပ်စော်ဘွားများနိုင်ငံရှိ ဒူဘိုင်းမြို့နှင့် အခြားနေရာများတွင် ဆန္ဒပြခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၅၇ ဦးကို သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက ချက်ချင်းထိန်းသိမ်းခဲ့သည်။

ထိုသို့ထိန်းသိမ်းပြီးနောက် ခေါင်းဆောင်များဟု ယူဆရသူ သုံးဦးကို ထောင်ဒဏ်တစ်သက်၊ ကျန် ၅၄ ဦးတို့ကို ထောင်ဒဏ် ၁၀ နှစ်မှ ၁၁ နှစ်အထိ အသီးသီးပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယူအေအီးနိုင်ငံတွင် ဆန္ဒပြခြင်းကို အစိုးရကတင်းကြပ်စွာတားမြစ်ထားပြီး နိုင်ငံခြားသားများလည်း ဆန္ဒပြခွင့်မရှိကြောင်း သိရသည်။ **Mon**

## အောင်လံမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**အောင်လံ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာမြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ် ကြွတ်ကြွတ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။



အဆိုပါ အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ၊ ဇူလိုင် ၂၂ ရက်တွင် အဖွဲ့ပိုင်မြို့မဈေးကြီး၌ အဆိုပါ Campaign အား ပြုလုပ်ခဲ့ပြီး၊ အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများ၊ စုစုပေါင်း(၁၀)ဦးတို့မှ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

မျိုးသိန်း(ပြန်/ဆက်)

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး Telematics စနစ်စက်များတပ်ဆင် (၂၄)နာရီ စောင့်ကြပ်ကြည့်ရှုမည်

**မန္တလေး ဇူလိုင် ၂၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်ကြီးများအား အမြန်လမ်းမကြီး ဥပဒေနှင့်အညီ စည်းကမ်းတကျ သွားလာစေရန်၊ သတ်မှတ်မိုင်နှုန်းအတိုင်းမောင်းနှင်ရန်နှင့် ခရီးသွားမိဘပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် Telematics စနစ်စက်များ တပ်ဆင်ပြီး ၂၄ နာရီပတ်လုံးစောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသော ခရီးသည်တင်ယာဉ် မော်တော်ယာဉ်ကြီးများတွင် Telematics စနစ်စက်တပ်ဆင်မှုအား စက်တပ်ဆင်ခြင်းနှင့် ပညာပေးကာလ ရက်ပေါင်း ၁၂၀ သတ်မှတ်၍ ဇွန် ၁၈ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

စက်တပ်ဆင်ခြင်းနှင့်ပညာပေးကာလ လွန်မြောက်သည့် အောက်တိုဘာ ၁၆ ရက်မှစ၍ Telematics စနစ်စက်တပ်ဆင်ထားခြင်းမရှိသော ခရီးသည်တင်ယာဉ်ကြီးများကို အမြန်လမ်းသုံးစွဲခွင့် ပြုမည်မဟုတ်ကြောင်း၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က အသိပေးထားသည်။ (ဝ၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## တာချီလိတ်မြို့တွင် စိတ်ပြောင်းဆေးဝါးများ၊ ပစ္စတိုသေနတ် ၁ လက်နှင့်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီတွင် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ဝင်လမ်းနေ မယော့မိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာနေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း အလေးချိန် ဝ ဒသမ ၆၅ ကီလို၊ အက်တက်စီ ဆေးပြား ၉၅၀ ပြား၊ Happy Water အလေးချိန် ဝ ဒသမ ၇၃၅ ကီလို၊ ပစ္စတိုသေနတ် ၁ လက်၊ ငှင်းကျည် ၁၀ တောင့်၊ ကျည်အိမ် ၁ ခုနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မယော့မိန်း(၃၃)နှစ်အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ခရီးသည်တင်ယာဉ်အရှိန်မထိန်းနိုင်၍ ချောင်းအတွင်းထိုးကျ

**မိုင်းဖြတ် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းဖြတ်ကျေးရွာအုပ်စု၊ ပြည်ထောင်စုလမ်းမကြီး၊ မိုင်တိုင်အမှတ်(၇၀၅/၇၀၆)ကြားတွင် ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခန့်က မိတ္ထီလာမှ တာချီလိတ်သို့မောင်းနှင်လာသော Hiace အမျိုးအစားအဖြူရောင် ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ နမ့်လုံးချောင်းအတွင်းသို့ ထိုးကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိုင်းဖြတ်မြို့နယ် မီးသတ်စခန်းမှ မီးသတ်စက်ယာဉ်တစ်စီး၊ သန္နီမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ (အောက်ပုံ)

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးငါးဦးအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား မြို့နယ် လူမှုကူညီရေးအသင်းယာဉ်ဖြင့် မိုင်းဖြတ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ (ဝ၄၅)





## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်တစ်စီးအရှိန်မထိန်းနိုင်၍ လမ်းလယ်ကျွန်းတိုက်မိ

**မန္တလေး ဇူလိုင် ၂၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၀၉/၀)နှင့်(၁၀၉/၁)ကြားတွင် ဇူလိုင် ၂၂ ရက် နံနက် ၇နာရီ မိနစ် ၃၀ခန့်က Toyota Wish အဖြူရောင်ယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအား တိုက်မိမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ၁၁၅ မိုင် အမြန်လမ်းမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္နီမီးသတ်တပ်ဖွဲ့ဝင်များဖြင့် သွားရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။ (အပေါ်ပုံ)

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသားလေးဦးအနက် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)အား ၁၁၅ မိုင် အမြန်လမ်း ကြက်ခြေနီတပ်ဖွဲ့ယာဉ်ဖြင့် ဖြူးမြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ (ဝ၄၅)

## ရှာငံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ရှာငံမြို့နယ်၊ ရှာငံ-ဟံမြင့်မိုရ် သွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် သက်နိုင်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် သယ်ဆောင်လာသော ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သက်နိုင်ဦး(၄၅)နှစ်အား ရှာငံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။ (ဓာတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



**ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## အမှတ်(၁)ရပ်ကွက်၌ နေအိမ်တစ်လုံး မီးလောင်မှု ဖြစ်ပွား

**တန့်ယန်း ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ် အမှတ်(၁)ရပ်ကွက်၊ အုပ်စု(၃)ရှိ ဝိန်းလောင်းတံတားထိပ်အနီး အိမ်တစ်လုံးတွင် ယမန်နေ့ ညနေ ၄ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဦးခင်မောင်မြင့်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် သုံးစီးနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းကာ ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ (အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၃

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသည်။

**ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်**

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းပြီး စည်းမျဉ်း/ စည်းကမ်းများ၊ လူမှုကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကိုအရာထမ်း ၁၁ ဦးဖြင့် ဖွဲ့စည်းပေးထားပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ အရာထမ်း/အမှုထမ်းများအနေဖြင့် ယခုအခမ်းအနားက ရရှိမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိအမြင် ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ပြန်လည်မျှဝေပေးပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရန် ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ တားဆီးကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "ATH အောင်သက်ထွေး" TikTok အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာနေ မင်းမင်းစိုး (ခ)ပိကျိအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ "Razorfox Legends" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကံဆည်ကျေးရွာနေ အောင်သူထွေးအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လောင်းလုံးမြို့နယ် ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၂၃

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၂ရက်တွင် ဝင်ရောက်စီးနင်းပြီး ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ လောင်းလုံးမြို့နယ်အတွင်းရှိ ရင်းဘုတ်ကျေးရွာ၊ ပြင်ချောင်းကျေးရွာနှင့် အနီးဝန်းကျင်တစ်ဝိုက်တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၂ ရက်က နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ပြီး ထိုသို့ လုံခြုံရေးဆောင်ရွက်ရာတွင် ၎င်းကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုံခြုံရေးဆောင်ရွက်ရာ နေရာဒေသများအနီးရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကိုဖမ်းဆီးခြင်း စသည့်လှုံ့ဆော်ဝါဒဖြန့်သတင်းမှားများဖြင့် အများပြည်သူ စိုးရိမ်ထိတ်လန့်လာစေပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ကျိုက်မရောထောင်တွင် အကျဉ်းသားများကို ထောင်အာဏာပိုင်များက အကြောင်းမဲ့ရိုက်နှက် တိုက်ပိတ်ထားကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၂၃

"ကျိုက်မရောထောင်တွင် နိုင်ငံရေးအကျဉ်းသား ငါးဦးကို ထောင်အာဏာပိုင်များက အကြောင်းမဲ့ ရိုက်နှက်တိုက်ပိတ်ထားပြီး ထောင်တွင်း ပုဒ်မများစွာဖြင့် အမှုရင်ဆိုင်နေရ" ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page က ဇူလိုင် ၁၆ ရက်တွင် ပြည်သူလူထုက အထင်အမြင် လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကို စိစစ်ရာတွင် ညီညီ(ခ)အရှည်ကြီး အပါအဝင် အကျဉ်းသားငါးဦးသည် ဇွန် ၂၇ ရက်က လုံခြုံရေးအရ တပ်ဆင်ထားသည့် CCTV ကင်မရာသုံးလုံးအား မြင်ကွင်းကြည်လင်ပြတ်သားမှု မရှိစေရန်နှင့် လုံခြုံရေးထိခိုက်စေရန်ရည်ရွယ်ချက်ဖြင့် အိပ်ဆောင်နံရံသုတ်ထုံးဖြင့် သုတ်လိမ်းခဲ့သည်ကို CCTV မှတ်တမ်းများအရ စစ်ဆေးတွေ့ရှိရသည့်အတွက် ယင်းအကျဉ်းသားများကို တာဝန်ခံအရာရှိက အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ ခြေချင်းခတ်၍ တိုက်ပိတ်ပြစ်ဒဏ် နှစ်ပတ်၊ ပါဆယ်ပစ္စည်းပေးသွင်းခွင့်နှင့် ဧည့်တွေ့ခွင့် တစ်လပိတ်ခြင်းနှင့် တိုက်ပိတ် ပြစ်ဒဏ်နှစ်ပတ်ပြည့်ပါက သီးခြားတိုက်တွင် ထားရှိရန်ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ပြစ်ဒဏ်ချမှတ်၍ တိုက်ခန်းသို့ ပြောင်းရွှေ့ထိန်းသိမ်းချိန်တွင်လည်း ရိုက်နှက်မှုမရှိကြောင်း၊ ယင်းအကျဉ်းသားများအား တရားရုံးတွင် အမှုဖွင့်တရားစွဲဆိုခြင်း မပြုလုပ်ဘဲ တာဝန်ခံအရာရှိက အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ စီမံခန့်ခွဲပြီး ထောင်တွင်းပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသာ ဖြစ်သည့်အတွက် Khit Thit Media ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

မိုးအောင်

## မြို့နယ်အချို့၌ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် နေအိမ်များပျက်စီး

နေပြည်တော် ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်း ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် တယ်ပင်(၂)ကျေးရွာ၌ သစ်ပင်လဲကျပိမိ၍ နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီက ရေကြည်မြို့နယ်အတွင်း ဝေန်မြစ်ရေတိုက်စားမှုကြောင့် တောင်ဝှေးထောက်ကျေးရွာ၌ သစ်ပင်လဲကျပိမိ၍ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။

# နိုင်ငံတကာ အားကစား သတင်းများ

## ကလက်ဘ်ဝိုင်လီအား ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၃**

ချဲလ်ဆီးအသင်းသည် အတ္တလန္တာယူနိုက်တက်အသင်း နောက်ခံကစားသမား ကလက်ဘ်ဝိုင်လီအား ပြောင်းရွှေ့ကြေး ၈ ဒသမ ၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ လူငယ် နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၃၀ခုနှစ်အထိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။




နောက်ခံကစားသမား ကလက်ဘ်ဝိုင်လီသည် အတ္တလန္တာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂မှ ၂၀၂၄ အထိ ပြိုင်ပွဲစုံ ၈၃ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမား ကလက်ဘ်ဝိုင်လီသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။ (ဝဲပုံ)

(NGB)



## 2024 Olympics တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၇ရက်တွင် စတင်မည်

**ပဲရစ် ဇူလိုင် ၂၃**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Olympics တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၂၇ ရက်တွင် စတင်မည်ဖြစ်သည်။

အဆိုပါ 2024 Olympics တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၅ရက်အထိ ၁၀ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Olympics တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Olympics တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဂျာမနီ တင်းနစ်ကစားသမား Alexander Zverev ဖြစ်သည်။ **(အပေါ်ပုံ)**

(NGB)

## အမာဒူအိုနားနားအား အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၃**


အက်စတွန်ဗီလာအသင်းသည် အဲဗာတန်အသင်း ကွင်းလယ်ကစားသမား အမာဒူအိုနားနားအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အမာဒူအိုနားနားသည် အသင်းအား အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ပုံ)** (NGB)






## ဂျာဗီလိုပက်ဇ်အား ၂၀၃၀ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ဆိုစီဒက်အသင်း ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၂၃**

စပိန်လာလီဂါကလပ် ဆိုစီဒက်အသင်းသည် အလာဗက်စ်အသင်း နောက်ခံကစားသမား ဂျာဗီလိုပက်ဇ်အား ၂၀၃၀ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အလာဗက်စ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆိုစီဒက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အပေါ်ဝဲပုံ)**

အသက်(၂၂)နှစ်အရွယ်ရှိ ဂျာဗီလိုပက်ဇ်က "ကျွန်တော် ဆိုစီဒက်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီမှာလည်း အောင်မြင်မှုတွေ ရယူသွားလိုပါတယ်"ဟု ပြောသည်။

(NGB)

## ၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၂၄-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညရ၊း၃၀နာရီ | C | ဥဇဘက်ကစ္စတန် - စပိန် |
| ။ | ။ | B | အာဂျင်တီးနား - မော်ရိုကို |
| ။ | ည၉း၃၀နာရီ | C | အီဂျစ် - ဒိုမီနီကန် |
| ။ | ။ | A | ဂီနီ - နယူးဇီလန် |
| ။ | ည၁၁း၃၀နာရီ | D | ဂျပန် - ပါရာဂွေး |
| ။ | ။ | B | အီရတ် - ယူကရိန်း |
| ၂၅-၇-၂၀၂၄ ကြာသပတေး | နံနက်၀၁း၃၀နာရီ | D | မာလီ - အစ္စရေး |
| ။ | ။ | A | ပြင်သစ် - အမေရိကန် |

## အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၄-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | မွန်းလွဲ၂း၃၀နာရီ | လာအို - ဗီယက်နမ် |
| ။ | ။ | မြန်မာ - ဩစတြေးလျ |



## အော့ဘွန်နာအား ခေါ်ယူရန် ဖီအိုရင်တီးနားအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၂၃**

ဝက်စ်ဟမ်းအသင်းနှင့် လမ်းခွဲထားပြီး အသင်းလက်မဲ့ဖြစ်နေသော နောက်ခံကစားသမား အော့ဘွန်နာအား ခေါ်ယူရန် ဖီအိုရင်တီးနားအသင်းက စီစဉ်လာခြင်းဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင်လည်း တိုရီနို၊ ဂျူဗင်တပ်၊ ဝက်စ်ဟမ်းစသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဖီအိုရင်တီးနားအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား အော့ဘွန်နာကလည်း ဖီအိုရင်တီးနားအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဖီအိုရင်တီးနားအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အော့ဘွန်နာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## အာဆီယံကလပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (Play-Offs)(ဒု-ကျော့)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|
| ၂၄-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ ၆း၀၀နာရီ (သုဝဏ္ဏကွင်း) | ရှမ်းယူနိုက်တက် (မြန်မာ-၁) - ကာဆူကာ (ဘရူနိုင်း-၁) | ကာဆူကာ ၁-၁ ရှမ်းယူနိုက်တက် |

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၄-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ ၄း၄၅နာရီ | ဆီရီဇိုအိုဆာကာ(ဂျပန်) - ဒေါ့မွန်(ဂျာမနီ) |
| ။ | ညနေ ၆း၀၀နာရီ | မန်စီးတီး(အင်္ဂလန်) - ဆဲလ်တစ်(စကော့တလန်) |
| ၂၅-၇-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၀း၀၀နာရီ | ဂါလာတာစာရေး(တူရကီ) - လက်ချီ(အီတလီ) |
| ။ | နံနက် ၀၀း၃၀နာရီ | PSV (နယ်သာလန်) - အိုင်ဟိုဗင်(နယ်သာလန်) |
| ။ | နံနက် ၀၉း၀၀နာရီ | ချဲလ်ဆီး(အင်္ဂလန်) - ဝရက်ဇ်ဟမ်း(ဝေးလ်စ်) |
| ။ | ။ | အာဆင်နယ်(အင်္ဂလန်) - ဘုန်းမောက်(အင်္ဂလန်) |



## ဇာဗီဆိုင်မွန်အား ယူရို သန်း ၁၀၀ဖြင့် မန်ချက်စတာယူနိုက်တက်အသင်း ကမ်းလှမ်းသွားဖွယ်ရှိ

**မန်ချက်စတာ ဇူလိုင် ၂၃**

မန်ချက်စတာယူနိုက်တက်အသင်းသည် ပီအက်စ်ဂျီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဇာဗီဆိုင်မွန်အား ယူရို သန်း ၁၀၀ ဖြင့် ကမ်းလှမ်းသွားဖွယ်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းမှ လိုက်ပဇစ်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းကလည်း ဇာဗီဆိုင်မွန်အတွက် မန်ချက်စတာယူနိုက်တက်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ပီအက်စ်ဂျီအသင်းထံမှ ဇာဗီဆိုင်မွန်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

# ဧရာဝတီမြစ်အတွင်း ငါးမျိုးစိတ် ခုနစ်သိန်း စိုက်ထည့်




**မန္တလေး ဇူလိုင် ၂၃**

ဧရာဝတီမြစ်တွင်း ငါးမျိုးစိတ်စိုက်ထည့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ ၂၂လမ်းနှင့် ၂၆ လမ်းကြားရှိ မရမ်းခြံဆိပ်ကမ်း၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ငါးမျိုးစိတ်စိုက်ထည့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဦးသံချောင်း၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ဝင်းမျိုးထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေ၊ ငါးလုပ်ငန်း သရက်ကုန်းစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်း၊ ငါးလုပ်ငန်းနတ်ရေကန်စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း နှစ်သိန်း၊ ငါးခုံးမလေးသိန်း၊ ရွှေဝါငါးကြင်း တစ်သိန်း စုစုပေါင်း ငါးမျိုးစိတ် ခုနစ်သိန်းအား စုပေါင်းစိုက်ထည့်ကြကြောင်း သိရသည်။

(ဝ၉၃)



## မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရားရင်ပြင်တွင် ဝါဆိုသင်္ကန်းကပ်လှူ၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတောင်တော် ဆုတောင်းပြည့် ဘုရားဂေါပက အဖွဲ့မှကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် (၃၉) ကြိမ်မြောက် အဋ္ဌရာယ်ကင်း အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ဘုရားရင်ပြင်တော်တွင် ကျင်းပရာ မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရားဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်ပြီး အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်ဆွေ၊ မန္တလေးတောင်တော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးသိန်းထွန်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ နမောတဿ (၃)ကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကေသဝထံမှကိုးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ ဆရာတော်၊ သံဃာတော်များက အဋ္ဌရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ သန္တိသုခငြိမ်းချမ်းရေးဆရာတော်ခမ္မ ကထိကဒေါက်တာဘဒ္ဒန္တဝေပုလ္လက ရောင်တော်ဖွင့်ဘုရားပင့်ဂါထာကို ရွတ်ဖတ်ပူဇော်ပြီး မြနန္ဒာကျောင်းဆရာတော်ဘဒ္ဒန္တမဏိသာရက ပဋ္ဌာန်းအခါတော် ပန်ကြားလွှာဂါထာကို ရွတ်ဖတ်ပူဇော်၍ အလှည့်ကျသံဃာတော်များက ဆက်လက်ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့သည်။ အသံမစဲပဋ္ဌာန်းပူဇော်ပွဲကို ဇူလိုင် ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)** (ဝ၄၅)



## သောက်သုံးရေလွယ်ကူစွာ သုံးစွဲနိုင်ရေး ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင်တစ်ခု ဆောက်လုပ်ပေး

**ကျောက်ဆည် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး လိုအပ်ချက်များဖြည့်ဆည်းပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကောင်းတင်ကျေးရွာ၌ သောက်သုံးရေလွယ်ကူစွာ သုံးစွဲနိုင်ရေး ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင်တစ်ခု ဆောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၉၀၀ သန်း အကုန်အကျခံကာ ရေဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တစ်ခု ဆောက်လုပ်ပေးလျက်ရှိကြောင်းနှင့် အမြင့်ရေစင် ဆောက်လုပ်ပေးပြီးသွားပါက ကောင်းတင်ကျေးရွာမှ အိမ်ခြေ ၂၁၅ အိမ်၊ လူဦးရေ ၁၁၄၀ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေများကို ရာသီမရွေး ဖူလုံစွာ သုံးစွဲနိုင်သည့်အပြင် ကျွဲ၊ နွား၊ တိရစ္ဆာန်များ အခြားလိုအပ်သည့်နေရာများတွင် ဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)



## မြန်မာ့စီးပွားရေးဘဏ်(၂)တွင် အငြိမ်းစား ဝန်ထမ်းပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးအောင်မြေသာစံမြို့နယ် ၂၄ လမ်းနှင့် ၈၃ လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်(၂)တွင် ဇူလိုင်လအတွက် အငြိမ်းစား ဝန်ထမ်း ပင်စင်လစာငွေများကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းမှ စတင်ထုတ်ပေးလျက်ရှိသည်။

အငြိမ်းစားဝန်ထမ်းများ ပင်စင်ထုတ်ရာတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခြင်းမျိုးမဖြစ်စေရန် ထုတ်ရမည့်ရက်ကို ကြိုတင်တိုကင်များပေးထားသဖြင့် ပင်စင်စားများ အချိန်ကြာမြင့်စွာ မစောင့်ရသဖြင့် ပင်စင်ထုတ်ရာတွင် အဆင်ပြေလျက်ရှိသည်။

ထို့အပြင် ပင်စင်စားများအတွက် ခေတ္တထိုင်ပြီး နားနေစောင့်ဆိုင်းရန် အမိုးများ၊ ထိုင်ခုံများလည်း စနစ်တကျဆောင်ရွက်ပေးထားသည်။

ထို့အပြင် ပင်စင်စားများ အဆင်ပြေစေရန် အငြိမ်းစားပင်စင်လစာငွေများကို e -pension ကတ်ဖြင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ ၁၊ ၂၊ ၃ အပါအဝင် Centralized၊ e -pension စနစ်ဆောင်ရွက်နေသည့် ဘဏ်များတွင် သွားရောက်ထုတ်နိုင်ပြီး ပင်စင်စားတို့၏ လစာငွေများကို ATM စာရင်းဖွင့်၍ ATM စက်မှလည်းကောင်း၊ Myanmar Mobile Money ဖြင့်လည်းကောင်း၊ Wave Pay ဖြင့်လည်းကောင်း ထုတ်ယူနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(ဝ၅ဝ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ကန်ပိုက်တီးနယ်စပ်ကုန်သွယ်မှုတွင် ယခုလ သီတင်းနှစ်ပတ်အတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ သန်းကျော်ရှိ

**မန္တလေး ဇူလိုင် ၂၃**

မြန်မာ-တရုတ်နယ်စပ်ဖြစ်သည့် ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ သီတင်းနှစ်ပတ်အတွင်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်းကျော်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရသည်။

"နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှာ အိမ်နီးချင်းနိုင်ငံများနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိရာမှာ ယခုလနှစ်ပတ်အတွင်းမှာ ကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂ သန်းကျော်ရှိခဲ့တယ်။ အခြားနယ်စပ်ကုန်သွယ်ရေးဂိတ်တွေမှာလည်း ပုံမှန်လည်ပတ်နေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇူလိုင်လဆန်းမှစ၍ သီတင်းနှစ်ပတ်ကာလအတွင်း ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးလမ်းပိုင်းမှ ပို့ကုန်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဝ ဒသမ ၆၅ သန်းနှင့် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ဝသန်းကျော် ရှိခဲ့သည်ဟု ဆိုသည်။

"ရည်မှန်းထားတာက ဇူလိုင်လအတွင်းမှာ ကန်ပိုက်တီး နယ်စပ်ကနေ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ သန်းကျော်နဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ သန်းကျော်၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ သန်းကျော် မျှော်မှန်းထားပါတယ်" ဟု ဆက်လက်ပြောကြားသည်။

နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ ကုန်သွယ်မှုပြုလျက်ရှိရာ တရုတ်နိုင်ငံမှ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ CMP အထည်ချုပ်ပစ္စည်းများ တင်သွင်းလျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ကန်ပိုက်တီးနယ်စပ်ဂိတ်မှ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၀၈ သန်း ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်-၉)



**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**



## မင်းဘူးမြို့ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်

**မင်းဘူး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ် (၁)ရပ်ကွက် ကေလာသဖတောင်ကုန်းပေါ်ရှိ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီးအား အဆင့်မြှင့်တင်၍ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်ပင်စက္ကိန်းတဲ ဘဏ္ဍာထိန်း ဂေါပကဥက္ကဋ္ဌထံမှ သိရသည်။

ထိုရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်ရှစ်ဆူတို့အား ငွေကျပ်သိန်း ၃၀၀၀ ခန့်ဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်ထားခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင်လည်း စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များကို ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပူဇော်သွားမှာဖြစ်သလို ဘုရားကြီးမှ အဆင်းလမ်း ပေ ၆၀၀ ၊ အတက်လမ်း ၈၇၅ ပေတို့အား ရပ်နီး၊ ရပ်ဝေးမှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ အဆင်ပြေပြေ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရိုးရိုးကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများမှ အဆင့်မြှင့်တင်ကာ နိုင်လွန်ကတ္တရာလမ်းအဖြစ် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီး ဘဏ္ဍာထိန်းဂေါပကဥက္ကဋ္ဌက ပြောသည်။

(အပေါ်ဝဲပုံ)

(၅၀၄)



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**ရေနံချောင်း ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ရေနံချောင်းမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရန်နှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၂၂ ရက် နံနက် ၇ နာရီက စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဆောင်ရွက်ခဲ့သည်။ (အပေါ်ပုံ)

ထိုသို့လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များက မြို့မဈေးကြီးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူပြည်သူများအနေဖြင့် စားသုံးကုန်ပစ္စည်းများ ရောင်းချဝယ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေနိုင်သည့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပြီး ပလတ်စတစ်အစား ဆွေးမြေ့လွယ်သည့် စက္ကူ၊ ငှက်ပျောဖက်၊ အင်ဖက်များကို အစားထိုးသုံးစွဲကြစေလိုကြောင်း အသိပညာပေးဟောပြောကာ မြို့နယ်စည်ပင်သာယာရေးကော်မတီက ဖြန့်ဝေသည့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဆန်းညွန့်**

## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်အောင်မြင်ရပ်ကွက်၊ မြသီတာပန်းခြံအတွင်းရှိ မြို့နယ် ခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းက အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်သန်းခေါင် စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဉာဏ်စိုးက သန်းခေါင် စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာအကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာများအား တစ်နိုင်ငံလုံး(သို့မဟုတ်)သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်းတစ်ပြိုင်တည်း ကောက်ယူသောလုပ်ငန်းဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရခြင်းမှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များကို သိရှိနိုင်ရန် ရည်ရွယ်၍ သန်းခေါင်စာရင်းကောက်ခံရခြင်းဖြစ်ကြောင်းနှင့် သန်းခေါင်စာရင်းတွင် ထည့်ကောက်ရမည့်သူများနှင့် ထည့်မကောက်ရမည့်သူများအကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေပုဒ်မများနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာအရ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ၁၅ ရက်ကြာ ကောက်ယူကြမည်ဖြစ်ကြောင်း စသည့် အကြောင်းအရာများကို Power Point ဖြင့် အသေးစိတ် ချပြရှင်းလင်းဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြခဲ့သည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များက တက်ရောက်လာကြသည့် ပြည်သူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)(၃၉၉)



## ပြည်တွင်း မြေပဲနှင့် မြေပဲဆီဈေး အမြင့်ဈေးတွင် ရှိနေ

ပြည်တွင်းမြေပဲနှင့် မြေပဲဆီဈေးကွက်သည် အမြင့်ဈေးတွင် ရှိနေပြီး မန္တလေးဈေးကွက်တွင်သာ လက်ကျန်ပစ္စည်းရှိတော့ရာ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ အထိ ပေါက်ဈေး ရှိလာသည်။

အဓိက မြေပဲလက်ကျန်နည်းပါးလာခြင်း ပြည်တွင်းဆီစက်ပိုင်များ၏ ဝယ်လိုအားကောင်းနေခြင်းကြောင့် မြေပဲဆန်မှာ အမြင့်ဈေးတွင်ရှိနေခြင်း ဖြစ်သည်။

"ဧပြီလဆန်းပိုင်းက ထွက်ရှိထားသည့် မြေပဲများနှင့် ကျွန်းမြေပဲများ လက်ကျန်နည်းပါးလာပါပြီ။ တချို့လည်း မရောင်းသေးဘဲ မြေပဲအတောင့်လိုက် လှောင်ထားသူတွေကတော့ အခုချိန် အကျိုးအမြတ်များပါတယ်။ မြေပဲပေါ်ပေါ်ချင်းရောင်းတဲ့ တောင်သူတွေကလည်း ဈေးကောင်းရခဲ့ပါတယ်"ဟု မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ဇူလိုင် ၂၃ ရက် မန္တလေးဈေးကွက်တွင် မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀-၈၅၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀-၁၈၀၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၄၀၇၀ ပေါက်ဈေးရှိနေသည်။

"မြေပဲပေါ်ပေါ်ချင်း ရောင်းလိုက်တာ တစ်ပိဿာငွေကျပ် ၇၅၀၀ဈေးနဲ့ ရောင်းခဲ့ရတာပါ။ ဒီအချိန်က တောင်သူလက်ထဲ မြေပဲလက်ကျန်နည်းသွားပါပြီ။ အများစုက ကုန်သည်လက်ထဲမှာပဲ ရှိတော့တာပါ"ဟု မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

မြေပဲဆန်ဈေးမြင့်တက်မှုနဲ့ အတူ မြေပဲဆီဈေးကလည်း အရင်က တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ခန့်သာ ပေါက်ဈေးရှိရာမှ ယခုအခါ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ထိ မြင့်တက်လာသည်။

မြေပဲဆန်ကို ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ (အောက်ပုံ)

လက်ရှိအချိန်တွင် ပြည်တွင်းဆီလိုအပ်ချက်မြင့်မားနေတာကြောင့် မြေပဲကို တိုးမြှင့်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



## မိုးသီးနှံမြေပဲ၊ နှမ်း၊ နေကြာသီးနှံ ၆၀၀၁၇ ဧက စိုက်ပျိုးပြီးစီး

**ရေနံချောင်း ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ဒေသခံတောင်သူများ ဝင်ငွေတိုးစေရန်နှင့် စားသုံးဆီဖူလုံစေရန် မိုးသီးနှံမြေပဲ၊ နှမ်း၊ နေကြာသီးနှံတို့ကို ၆၀၀၁၇ ဧက စိုက်ပျိုးပြီးစီးကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေနံချောင်းမြို့နယ်တွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာကို ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံအဖြစ် မြေပဲ ၃၆၅၉၅ဧက၊ နှမ်း ၂၃၃၅၀ဧက၊ နေကြာ ၇၂ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မြို့နယ်အတွင်း၌ မြေပဲ၊ နှမ်း၊ နေကြာ ၆၀၀၁၇ ဧက စိုက်ပျိုးပြီးစီးကြောင်း ယခုနှစ်တွင် နှမ်းသီးနှံဧက လျာထားချက်ထက်ကျော်လွန်ပြီး စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

ရေနံချောင်းမြို့နယ်တွင် မိုးရာသီ ဖွန့်လကစတင်ပြီး မြေပဲ နှမ်း၊နေကြာကို မိုးရွာသွန်းမှုအစိုဓာတ်အနေအထားကို မူတည်၍ စိုက်ပျိုးကြကြောင်း သိရသည်။

(ဝဲပုံ) (၄၇၂)



# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## နှုတ်ခမ်းနီဆိုးထားသလို ရဲရဲလေးနဲ့အမြဲလှစေမယ့် Lip tattoo

ခုနောက်ပိုင်းအလှအပချစ်သူတွေကြားမှာ လူကြိုက်များလာတာကတော့ နှုတ်ခမ်းအရောင်သွင်း တက်တူးထိုးခြင်း၊ (Lip tattoo)ပဲ ဖြစ်ပါတယ်။ နှုတ်ခမ်းအရောင်သွင်း တက်တူးထိုးတာကလည်း မျက်ခုံးမွှေးတက်တူးထိုးတဲ့ပုံစံလိုပဲ အချိန်ကာလအားဖြင့် နှစ်နှစ်(သို့)သုံးနှစ် ခံပါတယ်။ နှုတ်ခမ်းအရောင်သွင်းတယ်ဆိုတာက နှုတ်ခမ်းနီဆိုးထားသလိုကြီး နှုတ်ခမ်းမှာ အရောင်ရဲကြီး ဆိုးထားသလိုဖြစ်နေတဲ့ ပုံစံမျိုးတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် Lip tattoo တွေစပြီး ခေတ်စားခါစတုန်း



ကတော့ နှုတ်ခမ်းအရောင်သွင်း လိုက်ရင် နှုတ်ခမ်းနီဆိုးထားသလို အရောင်ခပ်ထင်းထင်း ပုံစံမျိုးဖြစ်ခဲ့ပေမယ့် အခုနောက်ပိုင်း ပြုလုပ်ကျတဲ့နည်းလမ်းကတော့ ပင်ကိုယ်နှုတ်ခမ်းက သဘာဝအတိုင်းခပ်ရဲရဲဖြစ်နေတဲ့ပုံစံမျိုးကိုသာ ထိုးပေးတာဖြစ်လို့ အလှအပချစ်သူတွေကြားမှာ ရေပန်းစားပါတယ်။ တကယ်လို့ကိုယ့်ရဲ့ ပင်ကိုယ်နှုတ်ခမ်းအရောင်က ညိုမဲနေလို့ စိတ်ညစ်နေရတယ်ဆိုရင်တော့ သဘာဝအတိုင်းရဲနေတဲ့ နှုတ်ခမ်းတစ်စုံဖြစ်ချင်တယ်ဆိုရင်တော့ lip tattoo ကို ပြုလုပ်နိုင်ပါတယ်။ ထိုးပေးတဲ့အလှပြင်ဆိုင်နဲ့ ထိုးပေးတဲ့ Artist ပေါ်မူတည်ပြီးတော့ ဈေးနှုန်းကလည်း အမျိုးမျိုးရှိတာမလို့ ကျွမ်းကျင်ပြီး လက်ရာကောင်းတဲ့ဆိုင်တွေ ပြုလုပ်ဖို့ အကြံပြုလိုက်ပါတယ်။

(Daisy)



## ငွေကြေးအကုန်ကျမများဘဲ သင့်ကို ပိုကြည့်ကောင်းလာစေမယ့် နည်းလမ်းများ

လူတစ်ယောက်က လှပပြီး ကြည့်ကောင်းနေဖို့အတွက် ဖက်ရှင်အတွက်အဝတ်အစား၊ အသားအရေအတွက် skin care နဲ့ မိတ်ကပ်ပစ္စည်းတွေ ဝယ်ယူအသုံးပြုပြီး အလှပြင်ဆိုင်၊ အလှပဆေးခန်းတွေသွားမှ လုပ်လို့ရတာ မဟုတ်ပါဘူး။ ငွေမကုန်ဘဲနဲ့ နဂိုထက် ပိုပြီးကြည့်ကောင်းသွားအောင်လုပ်လို့ရတဲ့နည်း လမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးဖြစ်တဲ့ နေ့စဉ်ရေချိုးခြင်း၊ သွားနဲ့ခံတွင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ခေါင်းပုံမှန်လျှော်ခြင်း၊ ဂျိုင်း(ချိုင်း)ချွေးနံ့မထွက်အောင် ဂျိုင်း(ချိုင်း)သန့်ရှင်းရေးကိုပြုလုပ်ပေးခြင်း စတဲ့ အချက်တွေကို ပြုလုပ်ပေးရုံနဲ့ သန့်သန့်ရှင်းရှင်းနဲ့ နေထိုင်လို့လည်း ပိုကောင်းသလို ပိုပြီးတော့လည်း ကြည့်ကောင်းစေပါတယ်။

(၂) အဝတ်အစားကို သပ်ရပ်စွာဝတ်ပါ။ အဝတ်အစားအသစ်ဝတ်မှ ကြည့်လို့ကောင်းတာမဟုတ်ပါဘူး။ ရှိတဲ့ အဝတ်အစားကို သေချာလျှော်ဖွပ်ပြီး ပြန့်နေအောင်မီးပူတိုက်ပြီး ဝတ်ခြင်းက သပ်သပ်ရပ်ရပ်နဲ့ ပိုပြီးကြည့်ကောင်းစေပါတယ်။

(၃) လက်သည်း၊ ခြေသည်းကို သေချာသန့်ရှင်းပေးပါ။ လက်သည်းခြေသည်းကို အရှည်မထားတာ အကောင်းဆုံးပါပဲ။ တကယ်လို့ ထားမယ်ဆိုရင်လည်း အရမ်းအရှည်ကြီးထားတာမျိုးထက် နည်းနည်းလေးရှည်ရုံ ထားပြီး လက်သည်းကြားနဲ့ အညစ်အကြေးတွေမဝင်အောင် သေချာဂရုစိုက်ပေးဖို့တော့ လိုအပ်ပါတယ်။ လက်သည်းနီဆိုးလို့ မညီမညာနဲ့အရောင်တွေ ကျွတ်နေတယ်ဆိုရင်လည်း ဆိုးထားတာတွေကို အကုန်ဖြတ်ပေးလိုက်ပါ။ အရောင်တစ်ဝက်တစ်ပျက် ထားထားခြင်းက ပိုပြီးရုပ်ဆိုးစေပါတယ်။

(၄)ဆံပင်ကိုသပ်ရပ်စွာထားပါ။ ဆံပင်ပုံကျလှပဖို့အတွက် ဆံပင်ညှပ်ဆရာနဲ့ပုံမှန်ညှပ်ပါ။

ကိုယ်ရဲ့ ဆံသားက အရမ်းဖွာတယ်ဆိုရင် သပ်သပ်ရပ်ရပ်ဖြစ်အောင် ခေါင်းသေချာဖြီးပြီး ဆီလူးပါ။ ဆံပင်က အရမ်းကိုရှုပ်နေတယ်ဆိုရင် သပ်ရပ်စွာချည်၊ ထုံးထားတာမျိုးဖြစ်ဖြစ်လုပ်ထားပါ။ ဆံပင်အရောင်ဆိုးထားလို့ အသစ်တွေပြန်ထွက်လာရင်လည်း အရောင်ညီသွားအောင် ပြန်ဆိုးပေးပါ။ ထွက်လာတဲ့ ပင်ကိုယ်ဆံပင်အရောင်နဲ့ ဆိုးထားတဲ့အရောင်က အရမ်းကွာနေရင် ကြည့်ရတာ အရမ်းရုပ်ဆိုးစေပါတယ်။

(၅) ဒိတ်အောက်ပီး ရှုပ်ယှက်ခတ်နေတဲ့ အဝတ်အစားတွေကို မဝတ်ပါနဲ့။ ခုခေတ်မှာ ဖက်ရှင်ရေစီးကြောင်းက အလွန်မြန်တာကြောင့် ခေတ်ပေါ်၊ ခေတ်စားတဲ့ အဝတ်အစားတွေကို လိုက်ဝယ်မဝတ်ပါနဲ့။ အဲ့လို အဝတ်အစားတွေက ခဏတာပဲ ခေတ်စားပြီး ခဏနဲ့ဒိတ်အောက်တာကြောင့် ရိုးရိုးရှင်းရှင်းနဲ့ သပ်ရပ်စွာချုပ်ထားတဲ့ အဝတ်အစားတွေကိုပဲ ရွေးချယ်ဝယ်ယူဝတ်ဆင်ပါ။

(Daisy)



## မိုးမိပြီးသွားရင် ဒီအချက်တွေကို လုပ်ပေးပါ

ခုလိုမိုးရာသီမှာ မတော်တဆမိုးမိတာပဲဖြစ်ဖြစ်၊ မိုးရေချိုး၊ ဆော့တာပဲဖြစ်ဖြစ် မိုးရေစိုပြီးသွားပြီး အိမ်ပြန်ရောက်ရင်တော့ မိုးစိုနေတဲ့အဝတ်အစား လဲပစ်ရုံနဲ့ မရသေးပါဘူး။ မိုးရေစိုပြီးသွားပြီဆိုရင်တော့ မဖြစ်မနေ ရေချိုး၊ ခေါင်းလျှော်ပေးဖို့ လိုအပ်ပါတယ်။ မိုးရေထဲမှာ ပါဝင်လာတဲ့ ဖုန်မှုန့်၊ လေထဲမှာပါလာတဲ့ အညစ်အကြေး၊ လမ်းပေါ်က ရွံ့အညစ်အကြေးတွေ ကပ်ပါလာတာကြောင့် ရေမဖြစ်မနေ ချိုးပေးရပါမယ်။ ခေါင်းကလည်း မိုးရေစိုထားတယ်ဆိုရင်တော့ အညစ်ကြေး၊ ဖုန်မှုန့်နဲ့ မိုးရေထဲမှာပါလာတဲ့ အက်ဆစ်ဓာတ်တွေ သန့်စင်သွားအောင် ခေါင်းလျှော်ပေးပါ။ ခေါင်းမလျှော်ဘဲ အခြောက်ခံလိုက်တယ်ဆိုရင် ဗောက်၊ မှိုတွေဖြစ်တတ်ပြီး ဦးရေပြားအညစ် အကြေး၊ အဆီ၊ ဖုန်မှုန့်နဲ့ မိုးရေတွေကြောင့် ကပ်စီးစီးဖြစ်နေပြီး ခေါင်းက အနံ့နံနေတတ်တာမလို့ ခေါင်းလျှော်ပေးဖို့ လိုအပ်ပါတယ်။ ရေချိုးခေါင်းလျှော်သွားပြီဆိုရင်တော့ အအေးမမိအောင် အဝတ်အစားသေချာဝတ်ပြီး ရေနွေး၊ နွားနို့၊ ကော်ဖီစသည်ဖြင့် ခန္ဓာကိုယ်တွင်း အနွေးဓာတ်ရသွားအောင် သောက်သုံးနိုင်ပါတယ်။

(Daisy)

## ဓာတ်ကိရိယာတွေမလိုဘဲ အလွယ်တကူပြုလုပ်နိုင်တဲ့ လေ့ကျင့်ခန်းများ

တစ်နေ့တာ အလုပ်မှာပဲ တစ်နေကုန်ထိုင်နေရလို့ ကိုယ်လက်ရှားမှုရှိဖို့နဲ့ အညောင်းအညာပြေဖို့အတွက် လေ့ကျင့်ခန်း အပေါ့စားတွေ လုပ်ပေးဖို့ လိုပါတယ်။ အားကစားခန်းမတွေလည်းသွားဖို့ အချိန်မရှိဘူးဆိုရင်လည်း အိမ်မှာ ဒီတိုင်းမနေပဲ လမ်းလျှောက်တာပဲဖြစ်ဖြစ် အိမ်မှာပြုလုပ်လို့ရတဲ့ လေ့ကျင့်ခန်းတွေ ပြုလုပ်ပေးနိုင်ပါတယ်။ ဝိတ်လည်းချချင်ပေမယ့် Gym မသွားနိုင်ဘူးဆိုတဲ့ သူတွေအတွက် အိမ်မှာပဲအလွယ်တကူပြုလုပ်နိုင်တဲ့ ကိရိယာလွတ် လေ့ကျင့်ခန်းပြုလုပ်နည်းကို ပုံနှင့်တကွဖော်ပြပေးလိုက်ပါတယ်။ နေ့စဉ် လေ့ကျင့်ခန်းတစ်မျိုးစီကို ၂၅ ခါစီ အစအဆုံး နှစ်ကျော့ပြုလုပ်ပေးခြင်းဖြင့် ခန္ဓာကိုယ်ပေါ့ပါးသွက်လက်စေပြီး အဆီကျစေပါတယ်။

(Daisy)




## အလှဖျက်တဲ့ သကြား

သကြားဟာ ကျန်းမာရေးအတွက် ဆိုးကျိုးရှိရုံတင်မကဘဲ အလှအပအတွက်ပါ ဆိုးကျိုးများစွာရှိပါတယ်။ သကြားကို တစ်နေ့တာလိုအပ်ချက်ထက် ပိုပြီးစားသုံးပေးရင် နောက်ဆက်တွဲဆိုးကျိုးတွေကတော့ အများကြီးပါပဲ။ နေ့စဉ်စားလိုက်တဲ့အစားအသောက်တွေထဲမှာ သဘာဝအလျောက် အချိုဓာတ်က ပါဝင်ပြီးသားဖြစ်တဲ့အတွက် နောက်ထပ်သကြားတွေ ထပ်စားဖို့ကို သိပ်ပြီးမလိုအပ်ပါဘူး။ သကြားကို လိုတာထက်ပိုစားခြင်းဖြင့် နောက်ဆက်တွဲဖြစ်လာမယ့် အလှအပဆိုင်ရာဆိုးကျိုးတွေကတော့ အရွယ်မတိုင်ခင်အိုမင်းရင့်ရော်ခြင်း၊ ဝိတ်တက်ခြင်း၊ ဝိတ်ကျရခက်ခြင်း၊ ဝက်ခြံနဲ့အဆီဖုတွေပေါက်ခြင်း၊ ဖောခြင်း၊ ရောင်ရမ်းခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ နွမ်းနယ်ထိုင်းမှိုင်းခြင်းတွေ ဖြစ်စေပါတယ်။ ကော်ဖီ၊ ဖျော်ရည်နဲ့ သရေစာတွေမှာ သကြားများများထည့်ပြီးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်က ကော်လာဂျင်ကို ဆုံးရှုံးစေပြီး အရေးအကြောင်းတွေဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် သကြားကို အတတ်နိုင်ဆုံး ရှောင်ကျဉ်ပေးပါ။ သကြားကို ဖြတ်လိုက်ခြင်းအားဖြင့် ဝိတ်ကျသွားတဲ့အပြင် မျက်နှာနဲ့ဗိုက်ဖောင်းနေတာတွေ သိသိသာသာလျော့လာစေပါတယ်။ ဝက်ခြံတွေနဲ့အဆီဖုတွေလည်း သက်သာသွားစေမယ့်အပြင် ဆံပင်ကျွတ်တာကိုလည်း သက်သာစေပါတယ်။ သကြားဖြတ်လိုက်ခြင်းအားဖြင့် ပထမနှစ်ရက်လောက်က နေရနည်းနည်းခက်ပေမယ့် နောက်ရက်တွေကျရင် ခန္ဓာကိုယ်ကလန်းလန်းဆန်းဆန်းဖြစ်လာပြီး နေထိုင်ရတာ ပေါ့ပါးသွက်လက်နေစေမှာပါ။ သကြားကို လုံးဝဖြတ်လိုက်ဖို့မဖြစ်နိုင်တာကြောင့် ကိုယ်ပုံမှန်စားနေကျ သကြားပမာဏကို တဖြည်းဖြည်းချင်းလျှော့ပြီးစားကြည့်ပါလို့ အကြံပြုလိုက်ပါတယ်။

(Daisy)



# (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ရွှေရေးဆောင်တိုက်သူငွေးကျောင်းဆရာတော် ဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုဒဿနက နေမင်းကျောင်းပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာစာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယကများဥက္ကဋ္ဌ ဦးအောင်ထွဏ်းနှင့် အလုပ်အမှုဆောင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ဧည့်ပရိသတ်တို့က သူငွေးကျောင်းဆရာတော် ဘဒ္ဒန္တသုဒဿနသူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားကြသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယကများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော် ဘဒ္ဒန္တသုဒဿနထံမှ အနုမောဒနာတရားနာယူကြည်ညိုကြပြီး ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

ထို့နောက် အလှူရှင်မိသားစုများက ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်အပေါင်းတို့အား နံနက်စာထမင်းနှင့် ဟင်းများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြကြောင်းနှင့် ယခုနှစ်တွင် ကျင်းပသည့် (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ရန်ကုန်မြို့နေ ရဟန်းဒါယကာကြီး ဦးမျိုးချစ်အား ရည်စူး၍ ရဟန်းဒါယိကာမကြီး ဒေါ်ညိုညိုမိသားစုအပါအဝင် အလှူရှင်အသီးသီးတို့က ဝါဆိုသင်္ကန်းအစုံ ၂၂၁ စုံကို လှူဒါန်းခဲ့ကြကြောင်းနှင့် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများကို အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၃)

*-*-*-*-*

*-*-*-*-*-*

## ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်



**ကျိုင်းတုံ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာအုပ်စုများအတွင်း ရှေ့ရှည်ဖွံ့ဖြိုးတိုးတက်သော စာကြည့်တိုက်များဖြစ်လာစေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပင်းတောက်ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့၊ ကျိုင်းတုံခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ၊ ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က ကျေးရွာစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြည်သူများနှင့် လူငယ်၊ လူရွယ်များ စာပေဖတ်ရှု၍ အမှား၊ အမှန် ခွဲခြားတတ်ပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါစာကြည့်တိုက်များရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများကလည်း မိမိတို့ရပ်ရွာအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




သန့်ရှင်းသာယာ
မန္တလာ
ဝိုင်းဝန်း
ထိန်းသိမ်းပါ။


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဖြစ်စဉ်တော်ထူး ဝါဆိုဦး

* ဝါဆိုပန်းတို့ ရောင်စုံဖြာ
ကျေးငှက်သာရကာ တေးသံသာ။
မယ်တော်မာယာ သန္ဓေခ
ထူးမြတ်လှပ ဝါဆိုလ။
* သိဒ္ဓတ္ထမင်း နှစ်ဆယ့်ကိုးနှစ်မှာ
နိမိတ်ကြီးလေးပါး မြင်တွေ့ရာ။
အို နာ သေလမ်း မြတ်ရဟန်း
အံ့ဩ ထိတ်လန့် ဆုံးဖြတ်ခန်း။
သိဒ္ဓတ္ထမင်း နန်းစွန့်ခွာ
တောရပ်မြိုင်မှာ တရားရှာ။
ဗုဒ္ဓသက်တော် သုံးဆယ့်ငါးနှစ်
သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်။
* ဘုရားဖြစ်က မြတ်ဗုဒ္ဓ
တရားဦးဒေသနာ ဟောညွှန်ပြ။
နေဝင်လထွက် ဓမ္မစက်
တရားဦးဟောမြွက် ပဉ္စဝဂ်။
သန္ဓေ တောထွက် ဓမ္မစက်ဦး
ဝါဆိုလမြတ် ဖြစ်စဉ်ထူး။
ရွှေးချယ်ခူးကြ ပန်းလှစုံ
ဝါဆိုပန်းကပ် ကြည်နူးပုံ။
* ဝါဆိုသင်္ကန်း ဆွမ်းကပ်လှူ
ဘုရားကျောင်းမှာ သီလယူ။
သီလယူပြီး ဘာဝနာပွား
ဝါတွင်းသုံးလ မြတ်တရား
ဘာသာတရား ကြည်ညိုပွား
မြန်မာ့ဓလေ့ အလှတရား။ ။

ခင်ဆွေလှိုင်(ပန်းချီ)

## တစ်ချက်တည်း ကျင်းဝင်

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဇူလိုင် ၂၀ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ဦးကျော်ဆွေသည် အတူကစားဖော်များဖြစ်ကြသော ဦးစိုင်းစံလှ၊ ဦးအားရီနှင့် ဦးစိုင်းကျော်တို့နှင့်အတူ (၁၃၁)ကိုက် ကွာဝေးသော ကျင်းအမှတ်(၁၄)သို့ ဂေါက်သီးအမျိုးအစား Titleist ကို ဂေါက်တံအမျိုးအစား HONMA IRON-6 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

တစ်ချက်တည်းကျင်းဝင်အောင် ရိုက်နိုင်ခဲ့သော ဦးကျော်ဆွေအား SWEETY HOME ကုမ္ပဏီက ငွေကျပ်နှစ်သိန်းတန် ကူပွန်ဆု၊ Myanmar Casual Wear ကုမ္ပဏီက ဂေါက်အိတ်တစ်လုံးနှင့် ရှောက်လုံခမ်ဟော့ပေါ့မှ ငွေကျပ်ငါးသိန်းတန် ကူပွန်ဆုတို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကဆ)

## သတင်းပဒေသာ

### ဓမ္မစကြာပါဠိတော် ရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ်တွင် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးစီးကျင်းပသော ဓမ္မစကြာ ပါဠိတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် အောင်ပွဲအခမ်း အနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဓမ္မစကြာရိပ်သာကျောင်း တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေးဆွေးနွေး

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားသည့်နှင့်အညီ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာတွင် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်နိုင်ရေး၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ရွှေဘိုမြို့ အောင်မြေ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် စပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်တော်၊ ဆီဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက် ၉ နာရီက အောင်မြေ ဘုန်းတော်ကြီးကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အငြိမ်းစားပင်စင်လစာငွေများ ထုတ်ပေး

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြန်မာ့စီးပွားရေး ဘဏ်၌ ဇူလိုင်လအတွက် အငြိမ်းစားပင်စင်လစာငွေများကို ဇူလိုင် ၂၂ ရက် နံနက် ၆ နာရီမှ စတင်ကာ အငြိမ်းစားပင်စင်စား နိုင်ငံ့ဝန်ထမ်းများကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုပေးလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် တွင် ကိုယ်ဝန်ဆောင်မိခင်များအားကျန်းမာဖွံ့ဖြိုးပြီး လွယ်ကူစွာ မွေးဖွားနိုင်ရန် ကျန်းမာရေး စစ်ဆေးစောင့်ရှောက်ပေးခြင်းနှင့် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကျိုင်းဟင်ရပ်ကွက်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနရုံးတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် မြန်မာ့စီးပွားဘဏ် တွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများက ကလောမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မွေးမြူရေးလုပ်ငန်းဆိုင်ရာ တောင်သူသရုပ်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ မွေးမြူရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ "မွေးမြူရေးလုပ်ငန်းဆိုင်ရာ တောင်သူသရုပ်ပြပွဲ"ကို လွယ်လုံကျေးရွာတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော အဌမ အကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ ရက်နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံ တော် ပရိယတ္တိသာသနာ့တက္က သိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင် တွင်ကျင်းသည်။

အစီအစဉ်အရ အခမ်းအနား ကို နမောတဿ(၃)ကြိမ်ရွတ်ဆို ၍ ဖွင့်လှစ်ပြီး မဟာအောင်မြေမြို့ နယ်၊ မစိုးရိမ်တိုက်သစ်မဟာ နာယကချုပ် ဆရာတော်ဘဒ္ဒန္တ ကေသရာဘိဝံသထံမှ ငါးပါး သီလခံယူဆောက်တည်ခြင်း၊ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များက အန္တရာယ် ကင်း ပရိတ်ရွတ်ဖတ်ခြင်းနှင့် ပါမောက္ခချုပ်(ငြိမ်း)ဦးပိုမြင့်က အဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူ ပွဲလှူဒါန်းမှု အစုစုအားလျှောက် ထားတင်ပြခြင်း၊ မြန်မာစာ ဌာနပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဒေါက်တာ မောင်မောင်လေး အလှူရှင် ကျောင်းသား၊ကျောင်းသူ ဟောင်းများ ကိုယ်စားမုဒိတာ စကားပြောကြားသည်။

ထို့နောက် အဌမအကြိမ် ဝါဆို သင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေး ကော်မတီနာယက ဆရာကြီး ဦးတင်မောင်+ဆရာမကြီး ဒေါ်ခင် မြမြနှင့် နာယက ဆရာ၊ ဆရာမ ကြီးများ၊ ကျောင်းသား၊ ကျောင်းသူ ဟောင်းများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခ ချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း အပါအဝင်နာယက ဆရာတော်(၁၃)ပါး၊ မန္တလေး တက္ကသိုလ် ကျောင်းသားဟောင်း ရဟန်းပညာရှိ (၄၄)ပါးတို့အား ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူ ငွေများ လှူဒါန်းခြင်းများ ဆောင် ရွက်ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်မှ လှူဒါန်း မှုအစုစုအတွက် အနုမောဒနာ တရားနှင့် ရေစက်ချတရားချီးမြှင့် ခဲ့သည်။ **(အပေါ်ဝဲပုံ)**

အခမ်းအနားသို့ မန္တလေး တက္ကသိုလ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ရွှေတံဆိပ်ဆု ချီးမြှင့်ရေးကော်မတီ နာယက သီရိ ပျံချီ၊ ဝဏ္ဏကျော်ထင် ဦးမောင်ကို နှင့်ဇနီး၊ အငြိမ်းစားပါမောက္ခချုပ် များ၊ ပါမောက္ခများ၊ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ၊ ကျောင်း သား၊ ကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။ **(ဝ၄၅)**

## စတုဒိသာကျွေးမွေး ကုသိုလ်ပြု

**ရေနံချောင်း ဇူလိုင် ၂၃**

ဝါဆိုလပြည့်နေ့တွင် မကွေး တိုင်းဒေသကြီး ရေနံချောင်းမြို့ ရပ်ကွက်များတွင် စတုဒိသာ ကုသိုလ်ပြုခြင်းနှင့် ကာလဒါန ကုသိုလ်အဖြစ် ကျွေးမွေးလှူဒါန်း ကြသည်။

ထိုသို့ လှူဒါန်းရာတွင် အလှူ ရှင်တို့က ထမင်း၊ ကြက်သား၊ အမဲသား၊ သီးစုံဟင်း၊ ငရုတ်သီး ကြော်များဖြင့် နေအိမ်ရှေ့တွင် မဏ္ဍပ်ဖြင့် မည်သူမဆို လာရောက် စားသုံးနိုင်ရန် ဖိတ်ခေါ်၍ ကျွေး မွေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ကာလဒါန ကုသိုလ်အဖြစ် ကုသိုလ်ပေါင်း ကူးတံတားလေးအဖွဲ့က ဦးဆောင် ၍ ကုသိုလ်ရှင်များ ကောင်းမှုဖြင့် ထမင်းဘူးများကို မူလရွှေစေတီ ကျောင်းဝန်းအတွင်း နေထိုင်ကြ သော ရေဘေးသင့်ပြည်သူများအား လှူဒါန်းကြကြောင်း သိရသည်။ **(၄၇၂)**






## နယ်စပ်တောင်တန်းဒေသသို့ နဝကမ္မအလှူတော်ငွေနှင့် ဝါခိုဆန်နှင့်သင်္ကန်းများ ပေးလှူ

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးမြို့ တောင်စလင်း တိုက်သစ်ဆရာတော်၊ နယ်စပ် တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ တိက္ခ၊ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် နယ်စပ်တောင် တန်းသို့ မန္တလေး၊ ချမ်းမြသာစည် မြို့နယ်နေ အလှူရှင် ဦးလွန်း မောင်+ဒေါ်မြရီနှင့်(သား)ဦးသိန်း ဌေး၊ ဦးချိုဌေးတို့အားရည်စူး၍ (သမီး)ဒေါ်ခင်စန်းဝေတို့၏ (၆၃) နှစ်ပြည့် မွေးနေ့အတွက် နဝကမ္မ အလှူတော်ငွေ ငွေကျပ် တစ်သိန်း အား ယမန်နေ့က လှူဒါန်းရာ ဗုဒ္ဓ ဘာသာသာသနာပြန့်ပွားရေးအသင်း ရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ အလား တူ မန္တလေးမြို့နေ အလှူရှင် ဖခင် ဦးကြည်အားရည်စူး၍ (သမီး) ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်သင်းသင်း ကြည် မိသားစုက ဆန်တစ်အိတ်၊ သင်္ကန်းတစ်စုံငွေကျပ်တစ်သိန်း သုံးသောင်းကျပ်၊ မန္တလေး၊ အောင် မြေသာစံမြို့နယ်နေ အလှူရှင် ဦးသန်းတိုး+ဒေါ်ခင်စန်းစန်းတစ်စု က ဆန်တစ်အိတ်၊ သင်္ကန်းတစ်စုံ ငွေကျပ်တစ်သိန်းသုံးသောင်းကျပ်၊ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် နေ အလှူရှင် ဦးကျော်မြင့်+ ဒေါ်ဥမ္မာထွေး သားသမီးတစ်စု က ဆန်တစ်အိတ်၊ သင်္ကန်းတစ်စုံ ငွေကျပ် တစ်သိန်းသုံးသောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ကန်း ကျွန်းမြို့နယ်နေ အလှူရှင် ဖခင် ဦးထွန်းရည်အား အမှူးထား၍ မိခင် ဒေါ်ညွန့်ရီအားရည်စူးလျက် (သား)ဦးကျော်ဇေယျာ မိသားစု က ဆန်တစ်အိတ်၊ သင်္ကန်းတစ်စုံ ငွေကျပ်တစ်သိန်းသုံးသောင်းကျပ် အသီးသီးပေးလှူကြကြောင်း သိရ သည်။ **(အပေါ်ပုံ)(ကဆ)**

# ဦးခြိမ့်၏ ပူတကေ စပိန် အီတာလျံသွားမှတ်တမ်း

မောင်သန်း(မဟာဝိဇ္ဇာ)

မန္တလေးမြို့ရဲ့ ဂုဏ်ကျက်သရေဆောင် လူထုကြီးပွားရေး ပုံနှိပ်တိုက်က ပုံနှိပ်ပြီး ထီးပေါင်းကားစာအုပ်တိုက်က ထုတ်ဝေလိုက်တဲ့ "မြောင်လှမြို့စားမင်းကြီး၊ သီရိမဟာဇေယျာသူဘွဲ့ခံ မြန်မာသံတော်ကြီး ဦးခြိမ့်၏ ပူတကေ စပိန်အီတာလျံသွားမှတ်တမ်း" စာအုပ်ကို ထုတ်ဝေသူ ဦးဖုးဖုးမော်က လက်ဆောင်အဖြစ် ယမန်နေ့က အမှတ်တရ လက်မှတ်ထိုးပေးပါတယ်။ ဦးဖုးဖုးမော်နဲ့ ဒေါ်ရွှေပြည်စိုးတို့ကို အထူးကျေးဇူးတင်ပါတယ်။

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် ၁၉၅၉ခုနှစ်၊ ဒုတိယအကြိမ် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၊ တတိယအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ၊ ပန်းချီ ဦးအောင်ချစ်၊ ထုတ်ဝေသူ ဦးဖုးဖုးမော်(ထီးပေါင်းကားစာအုပ်တိုက်)၊ ၂၂၁၊ ၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၆၅၄၃၀၈၉၊ ပုံနှိပ်သူ ဦးငြိမ်းချမ်း၊ လူထုကြီးပွားရေးပုံနှိပ်တိုက်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၁၉၃၇၇၃၇၊ အုပ်ရေ ၅၀၀၊ တန်ဖိုးငွေကျပ် ၇၀၀၀လို့ မှတ်သားရတယ်။

**နိုင်ငံခြားရေးဝန်ထောက် မြောင်လှမြို့စားမင်းကြီး သီရိမဟာဇေယျာသူဘွဲ့ရ ဦးခြိမ့်၏ အတ္ထုပ္ပတ္တိအကျဉ်း**

ဦးခြိမ့်သည် ရွှေဘိုစီရင်စု၊ ခွန်တောင်းရွာ၌ မွေးဖွားခဲ့ပြီး အရွယ်ရောက်ချိန်ကစပြီး မင်းမှုထမ်းရွက်ခဲ့ရာ မင်းတုန်းမင်းတရားကြီးက နေမျိုးဇေယျာသူဘွဲ့နှင့် လက်ဖက်ရည်တော်အရာ ချီးမြှင့်ခဲ့၊ သူကောင်းပြုခဲ့ပြီး အမှုတော်ရေးရာထူးဖြင့် မင်းလှဇေယျာသူဘွဲ့ ချီးမြှင့်ခံရသည်။ ထို့နောက် လွှတ်တော်စာရေးကြီးအရာခန့်ကာ ဖေါင်းကတ္တီပါနီနှင့် ရွှေသားပန်းကို ဆင်ယင်ခွင့်ရရှိသည်။

သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် အဂ္ဂမဟာသေနာပတိဝန်ရှင်တော် ကင်းဝန်မင်းကြီးဦးကောင်းက အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တော်သို့ သံတော်ကြီးအဖြစ် သွားရောက်ရာတွင် ဦးခြိမ့်အား စာရေးကြီးအရာ သံငယ်အဖြစ် လိုက်ပါထမ်းရွက်စေသည်။

ထိုအခါက်တွင် မြန်မာဘုရင်မင်းမြတ်နှင့် ရာဇမဟာမိတ်မြဲမြဲခိုင်ခန့်စွာဖြစ်သော အီတာလျံဘုရင်က ကာဝါလေယျ(ခေါ်)ပဋ္ဌမတံဆိပ် ဘယက်ပေးအပ်ချီးမြှင့်ပြီး ပြင်သစ်မင်းကလည်း သမ္မတရာဇာမည်သော ဩပစ္စယ(ခေါ်)တံဆိပ်ဘယက် ချီးမြှင့်လိုက်သည်။

သက္ကရာဇ် ၁၂၃၅ ခုနှစ်တွင် အဂ္ဂမဟာသေနာပတိဝန်ရှင်တော် ကင်းဝန်မင်းကြီးဦးကောင်းအား ပြင်သစ်ပြည်သို့ သံတော်ကြီးအဖြစ် စေလွှတ်ရာတွင် ဦးခြိမ့်မှာ သံလတ်အဖြစ် ပါရီမြို့သို့ တာဝန်ကျရာ လိုက်ပါပြီး မင်းမှုထမ်းရသည်။ အီတာလျံမင်းက ဦးခြိမ့်ကို ကမ္မဒါတိုရဒက်လာကော်ရတနာမိတာလိယ(ခေါ်)တံဆိပ်ဘယက် ပေးအပ်ချီးမြှင့်ခံရသည်။

ပြင်သစ်နိုင်ငံကအပြန်တွင် ဝန်ထောက်တော်အရာမင်းကြီး မဟာဇေယျာသူဘွဲ့နှင့် စော်ဘွားကြီးနောက်နေခန့်ထား သူကောင်းပြုခံရပြီး နိုင်ငံတော် တောင်မျက်နှာ တောင်ဘက် ကိုးခရိုင်စီရင်စု မြောင်လှမြို့ကို စားစေခဲ့သည်။

ထို့နောက် ၁၂၃၆ ခုနှစ်တွင် အိန္ဒိယပြည် ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်တော်သို့ အတင်တော် အလှူတော်များ စေလွှတ်လှူဒါန်းစေသည်။ နိုင်ငံတော်၏ အနောက်မျက်နှာ ကရင်နီနယ်မြေ စကားပြောဆိုရန်ရှိသည်များကို သံတော်ကြီး အရာအရေးလွှဲပြီး ဘုရင့်အမိန့်တော်မြတ်ဖြင့် အိန္ဒိယဘုရင်ခံထံ သွားရောက်ပြောဆိုရသည်။ သက္ကရာဇ် ၁၂၃၇ ခုနှစ်တွင် ဖေါင်းကတ္တီပါ ရွှေသားပန်း ၁၂၊ တမာရွက်ထောင် ၁၂ ချီးမြှင့်ခံရသည်။

၁၂၃၈ ခုနှစ်တွင် ဝန်ထောက်တော်သံကြီးအရာနှင့် အီတာလျံနိုင်ငံ၊ စပိန်နိုင်ငံ၊ ပူတကေနိုင်ငံများသို့ အမှုထမ်းရွက်ရသည်။ အီတာလျံမင်းက ဂရံဒေါပစ္စယ(ခေါ်)ဒုတိယတံဆိပ်ဘယက်၊ စပိန်နိုင်ငံမင်းက ဂရံကော်ရဒ္ဒန်(ခေါ်)ပဋ္ဌမရင်သိုင်းတံဆိပ်ဘယက်၊ ပူတကေနိုင်ငံမင်းက ဂရံကော်ရဒ္ဒန်(ခေါ်)ပဋ္ဌမသိုင်းတံဆိပ်ဘယက်များ ချီးမြှင့်ခြင်းခံရသည်။

ကင်းဝန်မင်းကြီးဦးကောင်းသည် ကာလကတ္တားတွင် တိုင်းခန်းလှည့်လည်ရောက်ရှိလာသော ဗြိတိသျှအိမ်ရှေ့မင်းသားနှင့်တွေ့ဆုံ နှုတ်ခွန်းဆက်ပြီး အိန္ဒိယပြည်မှ မြန်မာနိုင်ငံသို့ လှည့်ပြန်လာခဲ့သည်။ ထို့ကြောင့် အိန္ဒိယပြည်၊ ဗံကီမြို့မှစ၍ မြန်မာသံတော်အဖွဲ့ကို ဦးခြိမ့်ကပင်လျှင် ဦးဆောင်ပြီး ဥရောပသို့ သွားရောက်ခဲ့ပေသည်။

မြန်မာတို့သည် ဘယ်ခေတ်တွင်မှ ဂုဏ်မညှိုးရလေအောင် အင်အားနည်းပါးခြင်း မဖြစ်ရလေအောင် ဤဇမ္ဗူတွင် မြန်မာဟူ၍ ဂုဏ်သိက္ခာရှိရှိနှင့် နေထိုင်ဆက်ဆံနိုင်အောင် နိုင်ငံတကာနှင့် တန်းတူရည်တူ ချစ်ကြည်စွာဆက်ဆံ၍ ငြိမ်းချမ်းစွာအတူနေထိုင်ရေးမှုကို ကျင့်သုံးရပေမည်ဟု အတိအလင်းရေးခဲ့သည်မှာ မြန်မာအစိုးရအဖွဲ့၏ အံ့ချီးမကုန်သော အမြော်အမြင်ကြီးမားမှုကို တွေ့ရသည်။

မင်းတုန်းမင်းတရားကြီးကိုယ်စား မြန်မာနိုင်ငံတော်မှ စေလွှတ်လိုက်သော သံအဖွဲ့အား ဥရောပနိုင်ငံများဖြစ်ကြသော အီတလီ၊ စပိန်နှင့် ပေါ်တူကီနိုင်ငံများက တန်းတူရည်တူသဘောထား၍ ကြီးစွာသောတပ်ဝင်း၊ အခင်းအကျင်းများနှင့် ခမ်းနားစွာကျင်းပပြီး လက်ခံပုံများကို ဖတ်ရှုရသဖြင့် မြန်မာဘုရင်နှင့် မြန်မာလူမျိုးတို့အား ကမ္ဘာကလေးစားဂုဏ်ယူပုံများကို ထင်ရှားစွာ တွေ့မြင်ရပါသည်။ မင်းတုန်းမင်းကြီးကို လေးစားမိသည်။

ဆက်လက်၍ မာတိကာစဉ်ကို ဗဟုသုတဖြစ်ဖွယ် သိရသည်။ ပုံနှိပ်ထုတ်ဝေသူ၏အမှာ၊ ဦးခြိမ့်၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ရွှေကိုင်းသား၏ အမှာ၊ သိပ္ပံမောင်ဝ၏ ဝေဘန်ချက်၊ နိဒါန်း။

၁။ မန္တလေးရတနာပုံရွှေမြို့တော်က ရန်ကုန်မြို့ရောက် ဘွဲ့ဆိုသော စကားချက်၊ ၂။ ရန်ကုန်မြို့ ဘင်္ဂလားကာလကတ္တားမြို့ရောက် ဘွဲ့ဆိုသော စကားချက်၊ ၃။ ဘင်္ဂလားကာလကတ္တားမြို့တွင် တွေ့မြင်ကြားသိရသည်များကို ဘွဲ့ဆိုသော စကားချက်၊ ၄။ ဘင်္ဂလားကာလကတ္တားမြို့တွင် အဆန်းတကြယ် တွေ့မြင်ရသည်များကို ဘွဲ့ဆိုသော စကားချက်၊ ၅။ ဘင်္ဂလားကာလကတ္တားမြို့က ဗုဒ္ဓဂယာ ဗောဓိပင်တော်ရောက် ဘွဲ့ဆိုသော စကားချက်၊ ၆။ ဗံကီပူမြို့က ဗုံဗေမြို့ရောက်ဘွဲ့ဆိုသော စကားချက်၊ ၇။ ဘင်္ဂလားမြို့နှင့် ဗုံဗိုင်မြို့ကို အရှုံးအနိုင်ပြိုင်ဆိုင် ဘွဲ့ဆိုသော စကားချက်၊ ၈။ ဗုံဗိုင်မြို့က စွစ်မြို့ဆိပ်ကမ်းရောက် ဘွဲ့ဆိုသော စကားချက်၊ ၉။ စွစ်မြို့က အီတာလျံနိုင်ငံ နပေါလီမြို့ရောက် ဘွဲ့ဆိုသော စကားချက်၊ ၁၀။ အီတာလျံမင်းရှေ့သို့ ဝင်ထွက်ကြသည့်အကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ ၁၁။ အီတာလျံနိုင်ငံ နပေါလီမြို့ အကြောင်းအရာ ဘွဲ့ဆိုသော စကားချက်၊ ၁၂။ ရောမမြို့တွင် အပြည်ပြည်ထောင်မင်းတို့က ခန့်ထားသော သံကြီးတို့နှင့် ဆက်လက်ကြပုံများကို ဘွဲ့ဆိုသော စကားချက်၊ ၁၃။ ရောမမြို့အကြောင်းအရာများကို ဘွဲ့ဆိုသော ပဌမစကားချက်၊ ၁၄။ ရောမမြို့အကြောင်းအရာများကို ရေးသော ဒုတိယစကားချက်၊ ၁၅ ရောမမြို့အကြောင်းအရာများကို ဘွဲ့ဆိုသော တတိယစကားချက်၊ ၁၆။ အီတာလျံနိုင်ငံ ရောမမြို့က ကျင်နဝါမြို့သို့ ကူးသွားသည့် အကြောင်းအရာ၊ သက္ကရာဇ် ၁၂၃၈ ခု၊ တော်သလင်းလပြည့်ကျော် ၁ရက်၊ တနင်္ဂနွေနေ့ လကြတ်ရာ၊ ဂျင်နဝါမြို့က ကြည့်ရှုသည့် လကြတ်ပုံအကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ ၁၇။ ဂျင်နဝါမြို့တွင် မြင်းစီးကျွမ်းပွဲ တွေ့မြင်ကြည့်ရှုရသည်များကို ဘွဲ့ဆိုသည့် အမှတ်အသားစကားချက်၊ ၁၈။ အီတာလျံနိုင်ငံ၊ ဂျင်နဝါမြို့၏အကြောင်းအရာ၊ ဂျင်နဝါမြို့တွင် ရပ်ဆိုင်းနေထိုင်သည့်အတွင်း ကိုးတိုင်း ကိုးဌာနများသို့ သွားရောက်၍ ရာဇမဟာမိတ်ဆက်လက်ရန် ရာဇသံလက်ဆောင်တော်များနှင့် ပညာတော်သင်လူငယ်ငါးယောက်တို့ကို ဗြဲတိုက်သံဆင့် နေမျိုးသိဒ္ဓိကျော်စွာက ကြီးကြပ်ပို့ရောက်လာသည့် အကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ ၁၉။ အီတာလျံနိုင်ငံ၊ ဂျင်နဝါမြို့က စပါညိုနိုင်ငံ မာဒရစ်မင်းနေမြို့သို့ ကူးသွားသည့်အကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ ၂၀။ စပါညိုမင်းရှေ့သို့ ဝင်ထွက်ကြသည့်အကြောင်းအရာနှင့် စပါညိုမင်းတိုက်တွင် ကပွဲသဘင်ပြုလုပ်သည့် အကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ ၂၁။ စပါညိုနိုင်ငံ၊ မာဒရစ်မင်းနေမြို့တည်ထားပုံအကြောင်းအရာ၊ မာဒရစ်မြို့မှ ပူတကေနိုင်ငံ လစ္စဗံမင်းနေမြို့တည်ထားပုံ အကြောင်းအရာ၊ ပူတကေနိုင်ငံနှင့် စပါညိုနိုင်ငံ ပြိုင်ဆိုင်သည့်အကြောင်းအရာ၊ ပူတကေမင်းမြတ်ရှေ့သို့ ရာဇသံလက်ဆောင်တော်များနှင့် ဝင်ထွက်သည့်အကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ ၂၂။ ပူတကေနိုင်ငံ၊ လစ္စဗံမည်သော မင်းနေမြို့က ခရီးလမ်းစဉ်အတိုင်း ပြန်လာခဲ့၍ ပြင်သစ်နိုင်ငံ၊ ပါရစ်မည်သော မင်းနေမြို့ကြီးသို့ ဆိုက်ရောက်ကြသည့်အကြောင်းအရာ၊ ၁၂၃၈ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်၌ လကြတ်သည်ကို ပါရီမြို့က ကြည့်ရှုမြင်ရပုံအကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ ၂၃။ ပြင်သစ်နိုင်ငံ၊ ပါရစ်မင်းနေမြို့ကြီး၏ အကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ ၂၄။ ပြင်သစ်နိုင်ငံ၊ ပါရစ်မင်းနေမြို့ကြီးက အီတာလျံနိုင်ငံ၊ တုရင်မြို့သို့ ကူးသွားသည့် လမ်းခရီးအတွင်း ရေခဲ၊ နှင်းခဲအများ တွေ့ကြုံရသည့်အကြောင်းအရာ၊ တုရင်မြို့တွင် ရပ်ဆိုင်းသည့်အတွင်း မြန်မာသံတော်တို့ နိုင်ငံတော်သို့ ပြန်လာခဲ့ကြရမည့်အကြောင်းနှင့် ရွှေလွှတ်တော်က ရိုက်ကြားသည့် ကြေးနန်းစာကို ရသည့်အကြောင်းအရာ၊ တုရင်မြို့က ဂျင်နဝါမြို့သို့ ကူးလာကြသည့်အကြောင်းအရာ၊ ဂျင်နဝါမြို့တွင် သက္ကရာဇ် ၁၂၃၈ ခုနှစ်ကုန်၍ ကိုးခုနှစ်သို့ အတာသင်္ကြန်ကူးပြောင်းသည့် အကြောင်းအရာများကို ဘွဲ့ဆိုသော စကားချက်၊ (၁၂၃၉ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ နိုင်ငံတော်သို့အပြန် အောက်စတိရိယ သင်္ဘောပေါ်တွင်ရေး) မှတ်တမ်းပြီး၏။ ခြုံငုံသိရှိမှတ်သားရသည်။

**နိုင်ငံခြားရေးဝါဒ**

အီတာလျံသို့ သံတော်ကြီးအဖြစ် သွားရောက်ခဲ့စဉ်က ဦးခြိမ့်သည် နိုင်ငံခြားဝန်ဆောင်ရာထူး လက်ရှိဖြစ်၍ နိုင်ငံခြားရေးရာများကို ဦးစားပေးလေ့လာကာ ရောမမြို့တွင် အပြည်ပြည်ထောင်သော မင်းတို့က ခန့်ထားသော သံတော်



ကြီးတို့နှင့် ဆက်ဆံကြပုံကို တွေ့ရသည်။ အပိုဒ်(၁၂)တွင် ဇမ္ဗူတိုက်တစ်သောင်း၊ ရိက်ညောင်းတေဇာပဲ့တင်လိမ့်၊ မြန်မာ့ဦးစွန်းထွန်းသည်ထက်ထွန်းအောင် ဖြန့်ဝန်းမိုးစေစိမ့်ဟု၊ နှစ်သိမ့်နှလုံးရည်လျှက်သာ၊ တိုင်းတိုင်းနိုင်ငံ အပြည်ပြည်သံများနှင့် ဆက်ဆံကြသည်မှာကား

ပြင်သစ်၊ အင်္ဂလံ၊ အီတာလျံ၊ စွဇ္ဇလံ၊ အမေရိကန်၊ ဒင့်မတ်၊ အောက်စရိယ၊ ဘက်လဂျီဟာ၊ စပိန်၊ ဟောလံ၊ ဂျောရမန်၊ ဂျပံ၊ ရွတ်ရှား၊ ပူတကေ၊ စွေဒင်၊ နော်ရဝေး၊ တူရကီ၊ မောင်နတ်ကိုး (မိုနားကိုး)၊ ခေါမ(ခေါ်)ဂရိပြည်၊ တိုင်းတိုင်းပြည်ပြည်၊ နိုင်နိုင်ငံ အသက အသက၊ တိုင်းရောမတွင် ခန့်ထားသမျှ သံတို့နှင့် ဆက်ဆံနှီးနှောကြလေရာ" ဟု ဖတ်ရှုရသည်။

နိုင်ငံခြားဝန်ထောက် ဦးခြိမ့်သည် နိုင်ငံခြားရေးရာသာမက ပညာတော်သင်ကိစ္စများပါ ဆောင်ရွက်ခဲ့ပုံတွေ့ရသည်။ အဆိုပါ အပိုဒ်(၁၈)တွင်-

"ရေလမ်းကြည်းလမ်း၊ သေနင်္ဂကျမ်းများကို၊ တတ်ကျွမ်းသိလိမ္မာအောင်၊ ပညာသင်ရန်လူငါး၊ ဆင်းရွယ်ရူပ၊ တင့်တယ်လှသော မြန်မာအမျိုးသားတို့ကို၊ ရပ်ခြားဒေသရှည်ဝေးလံ၊ ပညာဆီမီး၊ ထိန်ပြောင်ညီးလှသော၊ ပြည်ကြီးအီတာလျံတွင် အပ်နှံစေရန်တစ်ဌာန" ဟု ဖော်ပြခဲ့သည်။

ခြုံငုံ၍ ဖော်ပြရလျှင် စာဆိုတော်ဦးခြိမ့်သည် နိုင်ငံတကာနှင့် လိမ္မာပါးနပ်စွာ ဆက်ဆံပုံပြောင်မြောက်သူအဖြစ် မင်းတုန်းမင်းတရားကြီး၏ ယုံမှတ်လွှဲအပ်ခြင်းခံရပြီး မြန်မာစာပေနယ်ပယ်တွင် ၁၂၄၂ ခုနှစ်က စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံကျမ်းမှ အသိခက်သော အချို့အပုဒ်များကို အမေးတော်ရှိသဖြင့် ကဝိလက္ခဏာဒီပနီ အဖြေကျမ်း ပြုစုခဲ့ပါသည်။

ပြင်သစ်နိုင်ငံ ပါရစ်မြို့ကို စာရေးသူက သဘောကျဟန်တူသည်။ "မြို့တစ်မြို့လုံး၊ အကောင်းတွေဖုံးသဖြင့်၊ အကောင်းဆုံးမှန်တော့သည်မို့၊ ထိုမြို့ပြည်တွင်၊ ပတ်လည်ကြိုအကြား၊ အညံ့ကိုရွေးယူ၊ ရှာနိုင်တဲ့လူဟာဖြင့်၊ ထိုသူသိကြားသားဟု၊ မှတ်သားစုသာ၊ ရှိတော့သည်" ဟူ၍ ကဗျာပုံစံဖြင့် ရေးခဲ့သည်။

ထို့ကြောင့် "မြောင်လှမြို့စားမင်းကြီး၊ သီရိမဟာဇေယျာသူဘွဲ့ခံ၊ မြန်မာသံတော်ကြီး ဦးခြိမ့်၏ ပူတကေစပိန်၊ အီတာလျံသွားမှတ်တမ်း" စာအုပ်သည် အိမ်တိုင်းရှိ စာအုပ်စင်တွင် တင်ထားရမည့် စာအုပ်ဟု ဆိုချင်ပါသည်။

ထီးပေါင်းကားစာအုပ်တိုက်၊ ထုတ်ဝေသူ ဦးဖုးဖုးမော်နှင့် ဒေါ်ရွှေပြည်စိုးတို့ကို အထူးကျေးဇူးတင်ပါတယ်။ စာအုပ်စာပေကောင်းများ ဆက်လက်ထုတ်ဝေနိုင်ပါစေလို့ ပြည်သူ့ကိုယ်စား တင်ပြလိုက်ပါတယ်။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၉)၊ ဦးပိုင်နံပါတ်(၇၁-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝေ(ဘ)ဦးအောင်ညွန့်(၉/မနတ(နိုင်)၀၂၆၁၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ➤ ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ စာတိုက်တန်းလမ်းအတွင်း တည်ရှိသည့် အရှေ့ဘက်မျက်နှာပြု တောင်မှမြောက်(၁၅ ပေ)၊ အရှေ့မှ အနောက်(၄၃ ပေ ၄ လက်မ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အစဉ်တစိုက် ဝယ်ယူနေထိုင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးကျော်နိုင်(ဘ)ဦးညွန့်ရင်(၉/မနတ(နိုင်)၀၀၆၅၁၅)နှင့် ဒေါ်သင်းသင်းအေး(ဘ)ဦးထွန်းကြည်(၉/အမရ(နိုင်)၀၈၈၃၂၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ➤ ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၇)၊ ဦးပိုင်အမှတ်(၃၅)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဗိုလ်မှူးခိုင်စိုးသိန်းအမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏(မြောက်ဘက်ခြမ်း)၊ အရှေ့အနောက်(၄၅ ပေ)၊ တောင်မြောက်(ပေ ၃၀)အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ခင်စိုး(ဘ) ဦးချစ်လှိုင် (၉/စကန(နိုင်)၀၀၆၆၁၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | |
|---|---|---|---|
| ဒေါ်သန္တာဆွေ (LL.B) | ဦးမြတ်စိုးဦး (LL.B) | ဦးဝေဖြိုးအောင် (LL.B) | ဒေါ်မှူးမှူးမြတ်သွယ် (LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**(TNS Law Firm &Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၂-၅၁၅၄၅၄၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဓနုံကျေးရွာတောင်ပိုင်း၊ ကွင်းအမှတ်(၆၂၁)၊ ဦးပိုင်အမှတ်(၂၀၉/က)အတွင်းမှ အရှေ့လားသော်-ဦးစိုးသန်း၏ မြေအစပ်၊ အနောက်လားသော်-ဒေါ်ပုစုး၏ မြေအစပ်၊ တောင်လားသော်-လယ်ရေးသွင်းမြောင်းမြေအစပ်၊ မြောက်လားသော်-လမ်းမြေအစပ်စသည့် နယ်(၄)ရပ်အတွင်းရှိ အရှေ့အနောက်(၂၈ ပေ)၊ တောင်မြောက်(၆၉ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်နံကပ်ထရံကာသွပ်မိုးအဆောက်အအုံစသည့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်အရ ဒေါ်ခင်စု(ဘ) ဦးညွန့်မောင် (၈/စလန (နိုင်)၀၀၅၉၇၁)ကိုင်ဆောင်သူတစ်ဦးတည်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ အထက်ပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)၊အထောက်အထား (မူရင်း) များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ခင်စု(ဘ)ဦးညွန့်မောင်** | **ဦးသက်နိုင်စိုး (LL.B)** |
| **(၈/စလန(နိုင်)၀၀၅၉၇၁)** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| ဒေါ်သန္တာဆွေ (LL.B) | ဦးမြတ်စိုးဦး (LL.B) | ဦးဝေဖြိုးအောင် (LL.B) | ဒေါ်မှူးမှူးမြတ်သွယ် (LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**(TNS Law Firm &Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၂-၅၁၅၄၅၄၁**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိဟာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၇၉)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၃၄၇)အကျယ်အဝန်းရှိသော ဒေါ်ယဉ်ယဉ်အေး(ပါ-၃)အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်ယဉ်ယဉ်အေး(ဘ)ဦးထွန်းနိုင်(၉/မနတ(နိုင်)၀၁၄၆၃၁)၊ (၂)ဦးခင်မောင်စန်း (ဘ)ဦးထွန်းနိုင်(၉/မနတ(နိုင်)၀၁၄၇၄၂)၊ (၃)ဦးကျော်ကျော်ဝင်း(ဘ)ဦးမြမောင်(၉/မနမ(နိုင်)၀၃၄၃၃၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း:➤ 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

## မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၃၀)၊ ဦးပိုင်အမှတ်(၄-က)၊ ဧရိယာ(၀ ဒသမ ၀၂၉၃)ဧက အကျယ်အဝန်းရှိသော ဦးပြုံးရွှင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၈-၉-၂၀၂၃)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါအမှတ်(၈၁၆၉/၂၀၂၃)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်အမာရင်(ဘ)ဦးအီဗရာဟင်(၉/ခအဇ(နိုင်)၀၅၀၂၆၁)၊ (၂)ဦးအောင်မိုးဦး(ဘ)ဦးမိုးနိုင်(၉/ခအဇ(နိုင်)၀၅၄၁၆၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း:➤ 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ စာတိုက်တန်းလမ်းအတွင်းတည်ရှိသည့် အရှေ့ဘက်မျက်နှာပြု တောင်မှမြောက်(၁၅ ပေ)၊ အရှေ့မှ အနောက်(၄၃ ပေ ၄ လက်မ)အကျယ်အဝန်းရှိ မြေကွက်မှာ အရပ်ကတိစာချုပ် အဆင့်ဆင့်တို့ဖြင့် ဦးကျော်နိုင်(ဘ)ဦးညွန့်ရင်(၉/မနတ(နိုင်)၀၀၆၅၁၅)နှင့် ဒေါ်သင်းသင်းအေး(ဘ)ဦးထွန်းကြည်(၉/အမရ(နိုင်)၀၈၈၃၂၆)တို့မှ လက်ရှိလက်ရောက် အစဉ်တစိုက် ဝယ်ယူနေထိုင်ပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်သက်ဆိုင်သည့် ဦးသန်းဇော်ဦးနှင့် ဒေါ်သန္တာဝင်းတို့မှ ဦးခင်မောင်မြင့်နှင့် ဒေါ်အေးအေးမော်တို့အား ရောင်းချထားသည့်(၂၃-၁၀-၂၀၀၈)ရက်စွဲပါ အရပ်ကတိစာချုပ်(မူရင်း)မှာ ဦးကျော်နိုင်နှင့် ဒေါ်သင်းသင်းအေးတို့ ဝယ်ယူစဉ်ကတည်းက မပါရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။ ယနေ့အချိန်ထိ ကြိုးစားရှာဖွေသော်လည်း မတွေ့ရှိပါ။

အထက်ပါမြေကွက်နှင့်သက်ဆိုင်သည့် (၂၃-၁၀-၂၀၀၈)ရက်စွဲပါ အရပ်ကတိစာချုပ်(မူရင်း)ပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ လိုအပ်သည့်ထောက်ခံချက်များတောင်းယူ၍ ကျမ်းကျိန်ဆိုမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်နိုင်နှင့် ဒေါ်သင်းသင်းအေးတို့၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၁၄)၊ ဦးပိုင်အမှတ်(၂၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးအောင်ခင် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏(မြောက်ဘက်ခြမ်း)၊ အရှေ့အနောက်(ပေ ၆၀)၊ တောင်မြောက်(ပေ ၂၀)အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်ခင်ထိုက်(ဘ)ဦးဘရင်(၉/ပကခ(နိုင်)၀၀၉၃၄၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–** **ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | |
|---|---|---|---|
| ဒေါ်သန္တာဆွေ (LL.B) | ဦးမြတ်စိုးဦး (LL.B) | ဦးဝေဖြိုးအောင် (LL.B) | ဒေါ်မှူးမှူးမြတ်သွယ် (LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**(TNS Law Firm &Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၂-၅၁၅၄၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညညု-၈၃)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အား မြေကွက်ချထားပေးခြင်းခံရသူထံမှ ကျွန်ုပ်မိတ်ဆွေ ဦးလွင်မောင်မောင်ကျော်က လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေကွက်ကို လက်ရှိလက်ရောက်ဝယ်ယူနေထိုင်ပိုင်ဆိုင်ထားသူ ကျွန်ုပ်မိတ်ဆွေ ဦးလွင်မောင်မောင်ကျော်မှ သက်ဆိုင်ရာရုံး၌ာနအသီးသီးတို့တွင် မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်း၊ အမွေဆက်ခံစာချုပ် ချုပ်ဆိုခြင်း၊ အခွန်ပေးဆောင်ခြင်း၊ အိမ်ဆောက်မိန့်လျှောက်ထားခြင်း၊ ဂရန်လျှောက်ထားခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများ၊ အထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးလွင်မောင်မောင်ကျော်**
**(၉/အမဇ(နိုင်)၀၁၈၉၅၈)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းအေး**
**အထက်တန်းရှေ့နေ**
**၅၅လမ်းနှင့် ၁၀၈လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၉၇၇၇၇၈၅၈၊ ၀၉-၄၂၀၈၈၇၈၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်အုပ်စု၊ မြို့သာကုန်းကျေးရွာအတွင်းရှိ အရှေ့အနောက်(၂၄ ပေ × ၁၈ ပေ)၊ တောင်မြောက်(၄၉ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်လှလှ(ဘ)ဦးထွန်းဝင်း(၉/ပသက(နိုင်)၀၀၈၀၃၉)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများက လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သန်းဦး(LL.B)** **ဦးကျော်ဇင်သက်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၂၇၃)၊ ၈၇လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၆၅၀၀၀၈၄၀၊ ၀၉-၄၄၄၀၃၉၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညညု-၉၂)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်သည် ဦးကျော်ရွှေ(ဘ)ဦးလွန်း(၉/မနတ(နိုင်)၀၄၅၀၆၁)အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ တောင်ဘက်အစိတ်အပိုင်း ဧရိယာ(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကံမောင်(ဘ)ဦးထွန်း(၉/မရမ(နိုင်)၀၅၁၅၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ B.A (Hist), H.G.P အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀အေလမ်းနှင့်၁၁၀ဘီလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ဖုန်း ➤ ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ တရုတ်စုရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ အကွက်အမည်(တရုတ်စု)၊ ဦးပိုင်အမှတ်(၁၂၀/၁)၊ ဧရိယာ(၂၆ ပေ × ၆၅ ပေ)ကျယ်ဝန်းသော မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အာရ်စီ(၁)ထပ်၊ သွပ်မိုးအဆောက်အအုံ (၁)လုံးနှင့် သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်မီတာ၊ အဝီစိတွင်းအပါအဝင်တို့အား အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးသိန်းနိုင်သည်(၁၅-၃-၂၀၂၃)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ငွေငွေဝင်းမှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး မိမိမှပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း၊ မိမိလက်ရှိဖြစ်ကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငွေငွေဝင်း(ဘ)ဦးခင်မောင်ဝင်း(၉/မဟမ(နိုင်)၀၃၄၂၁၉)မှ ရောင်းချရန်ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးညိုလင်း(ဘ)ဦးမောင်ကြီးမှ ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာသတင်းစာတွင်ပါသည့်ရက်မှ (၁၄)ရက်အတွင်း လုံလောက်သော မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးညိုလင်း(ဘ)ဦးမောင်ကြီး**
**(၉/မနတ(နိုင်)၀၀၆၈၃၇)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာလာဝင်းအောင်(စဥ်-၁၅၀၅၀)**
**(တရားလွှတ်တော်ရှေ့နေ)**
**အကွက်အမှတ်(၄၇၀-က)၊ ဦးပိုင်အမှတ်(၃၉-စ)၊ တမ္ပဝတီရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၀၂၆၉၄၂၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၄)၊ ဦးပိုင်အမှတ်(၂၀-ဈ)၊ ဧရိယာ(၀ ဒသမ ၀၂၈၂)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သက်သက်မော်(ဘ)ဦးမောင်မောင်လေး(၁၂/တမန(နိုင်)၀၀၃၇၂၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္စမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဗဟိုလမ်း၊ ခိုင်ရွှေဝါ၊ မြေညီထပ်၊ အမှတ်(၁၂၇)နေ ဦးအောင်မြင့်သိန်း(ဘ)ဦးကျော်ဒင် (၉/အမရ(နိုင်)၀၃၇၆၉၉)မှ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။




ဦးအောင်မြင့်သိန်းသည် ပူးတွဲဖော်ပြပါ **'ပြည့်စုံသိန်း'(Pyae Sone Thein)**အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်တွင် မှတ်ပုံတင်အမှတ်(၆၂၈၈/၂၀၁၆)အရ တရားဝင် မှတ်ပုံတင်ထားရှိခဲ့ပြီး **'ပြည့်စုံသိန်း'(Pyae Sone Thein)** အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက် အားပေးသုံးစွဲလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **'ပြည့်စုံသိန်း'(Pyae Sone Thein)**အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းသည် ဦးအောင်မြင့်သိန်း၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူရိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဦးအောင်မြင့်သိန်း၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မြင့်သိန်း(၉/အမရ(နိုင်)၀၃၇၆၉၉)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း ၅-ခ)၊ ဦးပိုင်အမှတ်(၉)၏အလယ်ခြမ်း တောင်ဘက်လှည့်(၁၉ ၁/၂ပေ × ပေ ၆၀)အကျယ်အဝန်းရှိ ဦးအိုက်ဆမ်(ခ)အိုက်စံ (ပါ-၂)ဦး အမည်ပေါက် ဂရန်မြေနေထိုင်ခွင့်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူများ၏ အထူးကိုယ်စားလှယ်စာရသူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းနွယ်စိုး(မှတ်ပုံတင်အမှတ်-၅/ခဥတ(နိုင်)၀၅၆၇၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်စိမ်းလန်း(LL.B)**
**စာချုပ်စာတမ်းရှေ့နေ**
**၇၁လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၃၁၀၁၆၈၆၊ ၀၉-၉၆၁၀၃၆၄၈၄**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၃

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် များ၊ ကော်မတီဝင် ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့အစဉ်အလာများ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသား အားလုံးတွင် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်းတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိကဦးစီး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရှေးဟောင်းဝတ္ထု ပစ္စည်းများနှင့် ရှေးဟောင်း အဆောက်အအုံများကို အဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းခြင်းအပြင် ဥပဒေဖြင့်ပါ ကာကွယ်ထိန်းသိမ်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့လာရပါက ကာကွယ်နိုင်ရန်နှင့် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်ကိုလည်း သုတေသနလုပ်ငန်းများ၊ မြေပုံများ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပုဂံဒေသရှိ ငလျင်ဒဏ်ခံရသည့် ဘုရားစေတီ ၃၈၉ ဆူအတွင်းမှ ပြုပြင်ရန်ကျန်ရှိသည့် ဘုရားအမှတ် (၁၅၉၇)သဗ္ဗညုဘုရားကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များစီမံခန့်ခွဲရေးဌာနတို့ အကြား ငလျင်အလွန် ပုဂံဒေသရှိသမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အများပြည်သူအသိပညာ ဗဟုသုတပွားများစေရန်အတွက် အကြောင်းအရာစုံ၊ ကဏ္ဍစုံပြသနိုင်မည့် ပုဂ္ဂလိကပြတိုက်များ စနစ်တကျပေါ်ထွက်လာစေရန်နှင့် ပြတိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး ဥပဒေ(မူကြမ်း)တို့ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အလေးထား ကြိုးပမ်း**

မိမိတို့မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့အဓွန့်ရှည်တည်တံ့နေစေရန် ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများကို ကော်မတီက အလေးထား ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီအနေဖြင့် ယခင် သတ္တမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး၊ သုတေသနပြုရေးလုပ်ငန်းများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ရေးတို့အတွက်တက်ရောက်လာကြသည့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပိုမိုကောင်းမွန်သည့် ဆွေးနွေးချက်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဒြပ်ရှိ/ဒြပ်မဲ့မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဖော်ထုတ်စာရင်းပြုစုနေမှု၊ ယဉ်ကျေးမှုပြတိုက်များ အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ် ဆောင်ရွက်ရန် သဘာဝအမွေအနှစ်များ သတ်မှတ်ခြင်း ဆောင်ရွက်နေမှု၊ စေတီ၊ ပုထိုးစသည့် သာသနိက အဆောက်အအုံများ၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားပုထိုးများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုလုပ်ဆောင်ရွက်နေမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေး ဆောင်ရွက်နေမှုများ၊ အမျိုးသားယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ကာကွယ်စောင့်ရှောက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ဗဟိုကော်မတီ၏ သတ္တမအကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသူများက မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ကချင်ယူနိုက်တက်အသင်းနှင့် အမှတ်ခွဲယူခဲ့သည့် ရာမညယူနိုက်တက် အသင်း




Myanmar National League II 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-1)ပွဲစဉ်တစ်ပွဲ အဖြစ် ဇူလိုင် ၂၃ ရက် (ယနေ့)ညနေက ပဒုမ္မာကွင်း၌ ကချင်ယူနိုက်တက် အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲအစတွင် ကချင်ယူနိုက်တက်အသင်းမှ ဦးဆောင်ဂိုး စတင်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဦးဆောင်ဂိုးကို ရာမညယူနိုက်တက်အသင်းက စတင်ရခဲ့သည်။ ရာမညယူနိုက်တက် အသင်းအတွက် ဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် အသင်းခေါင်းဆောင် စန်းမြင့်နိုင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် ရာမညယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် ကချင်ယူနိုက်တက်အသင်းမှ ချေပဂိုး ရရှိရန် လူစားလဲမှုများ ပြုလုပ်ခဲ့ကာ တိုက်စစ်ဆင် ကစားခဲ့သည်။ ဂိုးရမည့် အခွင့်အရေးများစွာ ရခဲ့သော်လည်း ပွဲချိန် ၉၀ အတွင်း မရရှိခဲ့ပေ။ ရာမညယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင်လည်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ကချင်ယူနိုက်တက်အသင်းကို အကောင်းဆုံး ဖိအားပြန်လည်ပေးနိုင်ခဲ့သည်။ နောက်ကျင်အချိန်ပို ၉၀+၁ မိနစ်တွင် ကချင်ယူနိုက်တက်အသင်းအတွက် တစ်မှတ် ရစေမည့် ဂိုးကို ဂျာနော်က သွင်းယူပေးခဲ့သည်။ ထို့ကြောင့် ပွဲအပြီးတွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

(NGB)

## EV လျှပ်စစ်မော်တော်ယာဉ်ဝယ်ယူသုံးစွဲမှု ယခင်နှစ်များထက် များပြားလာ

ပြည်တွင်း၌ EV လျှပ်စစ်မော်တော်ယာဉ်များသုံးစွဲမှုတွင် အသားကျလာသည်ဖြစ်၍ အဆင်ပြေလာမှုများကြောင့် ယခင်နှစ်များထက် ဝယ်ယူသုံးစွဲမှုများပြားလာသည်ဟု လျှပ်စစ်ကားတင်သွင်း ရောင်းချသူတစ်ဦးက ပြောသည်။

"အရောင်းအဝယ်အခြေအနေက တဖြည်းဖြည်းမြင့်လာတယ်။ ယခင်နှစ်ထက်များလာတယ်လို့ ပြောရမယ်။ ပြည်တွင်းဈေးကွက်မှာ စတင်ဝင်ရောက်လာပြီး နောက်ပိုင်း Use to ဖြစ်လာတဲ့အနေအထားကြောင့် ဝယ်သူများ လာတယ်လို့ ပြောနိုင်တယ်။ တချို့ မော်ဒယ်တွေက ပစ္စည်းပြတ်တာရှိတယ်"ဟု ၎င်းကပြောသည်။

ဝယ်လိုအားမြင့်လာရာမှ ကြိုတင်မှာယူသူများရှိလာကြောင်း၊ ဈေးကွက်တွင်း အချို့ EV အမျိုးအစားများမှာ ပြတ်လပ်မှုရှိခြင်းကြောင့် ဈေးအနည်းငယ်မြင့်လာကြောင်း၊ တိုယိုတာလျှပ်စစ်ကားမှာ ကျပ်သိန်း ၂၂၀၀ ဝန်းကျင်နှင့် ဖောလျှပ်စစ်ကားမှာ ကျပ်သိန်း ၁၅၀၀-၁၇၀၀ ကြားတွင်ရှိပြီး အခြား EV အမျိုးအစားအချို့မှာ ပစ္စည်းပြတ်လပ်မှုပေါ်မူတည်၍ ဈေးအတက်အကျရှိကြောင်း သိရသည်။

"EV သုံးတဲ့သူတွေအနေနဲ့

စာမျက်နှာ ၃ သို့ ➤

